ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 July 2019 ၉၇၂၀

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲတက်ရောက်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ပုဂံဒေသဟာဆိုရင် ရှေးအမွေအနှစ်တွေလည်းရှိတယ်၊ လက်ရှိပြည်သူတွေလည်း နေထိုင်လှုပ်ရှားနေတာကြောင့် ကျွန်မတို့ရဲ့ယဉ်ကျေးမှုဟာ အဆက်မပြတ်ဘဲနဲ့ ယဉ်ကျေးမှုတည်ခဲ့နိုင်တယ်၊ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ပေါက်ဖွားလာတဲ့ ဒီယဉ်ကျေးမှုကြီးဟာ နှစ်ပေါင်းများစွာ ဆက်ကာ ဆက်ကာ အခုခေတ် ကျွန်မတို့ခေတ်အထိ အမွေဆက်ခံခွင့် ပေးခဲ့တယ်ဆိုတာကို ကျွန်မတို့ကို ထောက်ပြနေတာလည်းဖြစ်**

နေပြည်တော် ဇူလိုင် ၂၃

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အလှူရှင်နိုင်ငံများနှင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

ကြေးမုံ

# အပြုသဘောဆောင်စိတ်ထားများမွေးမြူ

ဤကမ္ဘာလောကရှိ လူမှုအသိုက်အဝန်းများကို လေ့လာကြည့်မည်ဆိုပါက ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအား အထူးဦးစားပေး ဆောင်ရွက်ကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လူတို့၏ စိတ်ခံစားမှုသဘောတရားအရ အပြင်ပန်းတင့်တယ်မှုကို လိုလားကြသည်ဖြစ်၍ ရုပ်ပိုင်းဆိုင်ရာ တင့်တယ်ရေးကို အထူးဦးစားပေးကြခြင်း ဖြစ်ပေသည်။ အမှန်တကယ်တွင် ရုပ်ပိုင်းဆိုင်ရာ မည်မျှပင်တင့်တယ်သော်လည်း စိတ်ပိုင်းဆိုင်ရာ မတင့်တယ်ပါက အချည်းနှီးပင်ဖြစ်သည်ကို သတိမူကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် စိတ်ပိုင်းဆိုင်ရာ တင့်တယ်ကောင်းမွန်ရေး အထူးလိုအပ်နေသည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခါအခွင့်သင့်တိုင်း အသိပေးပြောကြားလျက်ရှိသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ ဇူလိုင်လ ၁၇ ရက်နေ့က ပြုလုပ်သည့် ရန်ကုန်ဆန်းသစ်တီထွင်မှု ဗဟိုဌာန ဖွင့်ပွဲအခမ်းအနားတွင် "ကျွန်မတို့ ဆန်းသစ်တီထွင်တယ်ဆိုတဲ့အခါမှာ ပိုပြီးကောင်းမွန်တဲ့စိတ်ဓာတ်တွေ ဘယ်လိုတီထွင်နိုင်မလဲဆိုတာ ထည့်ပြီးစဉ်းစားစေချင်ပါတယ်။ ဒီလိုစဉ်းစားမှသာ ကျွန်မတို့နိုင်ငံက ကမ္ဘာ့အလယ်မှာ တကယ့်ကို စိတ်ရော ကိုယ်ရော ချမ်းသာတဲ့ လူမှုအသိုက်အဝန်းဖြစ်လာမှာပါ" ဟု ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အဘက်ဘက်၌ တိုးတက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာများ တိုးတက်လာသလို စိတ်ပိုင်းဆိုင်ရာများလည်း တိုးတက်လာသည်ဟုဆိုနိုင်သည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်သည်ဆိုရာ၌ မကောင်းသည့်ဘက်တွင် တိုးတက်သည်က ပိုများနေသလိုပင်။ လူတိုင်း လူတိုင်း တိုးတက်သည်ဟုဆိုရာတွင် မည်သည့်အနေအထားဖြင့် တိုးတက်နေသည်ကို စဉ်းစားသုံးသပ်ရမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာဘက်တွင် တိုးတက်သည်လော၊ စိတ်ပိုင်းဆိုင်ရာဖြစ်သည့် ဒေါသ၊ မောဟကျဆင်းရေးဘက်တွင် တိုးတက်သည်လော မေးခွန်းထုတ်ရမည်ဖြစ်သည်။

ယခုခေတ်တွင် လူများ၌ အမုန်းစိတ်၊ အာဃာတများ အလွန်တိုးပွားနေပြီး ၎င်းတို့အား လှည့်မကြည့်ကြသည်ကို သတိပြုမိပါသည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးထောက်ပြထားသည်။ မှန်ပါပေသည်။ လက်ရှိတွင် လူတို့၏စိတ်သန္တာန်၌ ငါနှင့်မတူ ငါ့ရန်သူဟူသည့် သဘောပင်လော၊ မိမိတို့၏ပင်ကိုစိတ်၌ အတ္တ၊ မာနများ ကြီးထွားလာသည့်သဘောပင်လော မသိ၊ အမုန်းစိတ်များ၊ အာဃာတစိတ်များ များလာကြသည်မှာ အမှန်ပင်ဖြစ်သည်။

ကောင်းမွန်သော လူမှုအသိုက်အဝန်းကို တည်ဆောက်ရာတွင်ဖြစ်စေ၊ မိမိတို့၏စိတ်ကို ကောင်းမွန်အောင် တည်ဆောက်ရာတွင်ဖြစ်စေ လူတို့အနေဖြင့် အတ္တ၊ မာန၊ ဒေါသ၊ မောဟ၊ အာဃာတနှင့် အမုန်းတရားများ ပါးလျားလာအောင် ကျင့်ကြံအားထုတ်ခြင်းဖြင့် မိမိနှင့်မိမိအသိုက်အဝန်းကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်းရမည်ဖြစ်သည်။ အကုသိုလ်အမှုကို ဖြစ်စေသော၊ လူ့ဘောင်လောကကို အကျိုးယုတ်စေသော အပြုသဘောမဆောင်သည့် အပျက်သဘောဆောင်သော အပြုအမူစိတ်ထားများ ကျဆင်းအောင် ကိုယ်စီကိုယ်စီ အားထုတ်ရမည်ဖြစ်သည်။

တိုင်းပြည်တစ်ပြည် သို့မဟုတ် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများကို အကဲခတ်ကြည့်ပါက သက်ဆိုင်ရာဘာသာတရားများက ယင်းတိုင်းပြည်နှင့်လူမျိုးကို လွှမ်းခြုံထိန်းသိမ်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာတို့သည် များသောအားဖြင့် ဘာသာတရားနှင့် စာပေယဉ်ကျေးမှုတို့ကို အခြေခံထားသည်ဖြစ်ရာ ယင်းတို့မှ အစဉ်အမြဲ လမ်းမှန်ညွှန်ပြလျက်ရှိသည့် လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတများ လျော့ပါးကင်းဝေးစေသည့် ဗြဟ္မစိုရ်တရားများ မတိမ်ကောအောင် သတိမူထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို ဝိုင်းဝန်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ မည်သို့ပင်ကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားအားလုံး တစ်ရေတည်းသောက် တစ်ခရီးတည်းသွားကြသူများပီပီ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ အချင်းချင်း ချစ်ချစ်ခင်ခင် ရိုင်းပင်းကူညီကြမည်၊ တစ်ဦး၏ ရိုးရာဓလေ့ကို တစ်ဦးက လေးစားကြမည်၊ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ မိသားစုစိတ်ဓာတ်များ မွေးမြူကြမည်၊ တစ်ဦး၏အခက်အခဲ ပြဿနာကို တစ်ဦးက ဝိုင်းဝန်းဖြေရှင်းပေးကြမည်ဆိုပါက ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး အေးချမ်းသာယာမှုရှိမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်**

တောင်ပေါ်၊ မြေပြန့် မခွဲခြားဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အမှန်တကယ် ဖြစ်စေချင်သည်မှာ နိုင်ငံတော်၏ စေတနာအမှန်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအကျဆုံးမှာ နယ်မြေ အေးချမ်းသာယာရေးပင်ဖြစ်ကြောင်း၊ နယ်မြေဒေသတစ်ခုသည် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကင်းမဲ့သွားမည်ဆိုပါက ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်သည် လုံခြုံမည်မဟုတ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိပါက ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ခေတ်နောက်ကျ ကျန်ခဲ့မည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရေးအကြီးဆုံးဖြစ်သည့် ငြိမ်းချမ်းရေးရရှိရေးသည် အထူးလိုအပ်နေပြီး တိုင်းရင်းသားများအားလုံးက ပူးပေါင်းပါဝင်ရန် တာဝန်ရှိကာ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က တတိယအကြိမ် နေပြည်တော် လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကယားပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များကိုယ်စား ဦးခွန်သာဒူးဦးနှင့် ချင်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ ကိုယ်စား ဦးဖိုပဲန်းတို့က မိတ်ဆက်စကားပြောကြားပြီး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

**စုပေါင်းမှတ်တမ်းတင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် လေ့လာရေး အဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခုလေ့လာရေးခရီးစဉ်သို့ ကယားပြည်နယ်ရှိ ကယား၊ ကယန်းကခေါင်း၊ ကယန်းကဲဒြေ၊ ကယန်းလထာ၊ ကယန်းယင်းဘော်၊ ကယော၊ ဂေဘား၊ မနုမနောကော်ယော်၊ ရှမ်း၊ ပအိုဝ်း၊ ကရင်၊ ဗမာနှင့် ယင်းတလဲအစရှိသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့ ၁၃ ဖွဲ့မှ အဖွဲ့ဝင် ကိုယ်စားလှယ် ၅၅ ဦးနှင့် ချင်းပြည်နယ်ရှိ ဟားခါးချင်း၊ မရာ၊ ဖလမ်း၊ ဟွာငို၊ ဇိုမီး၊ ဆီးယင်း၊ တွန်းဇံ၊ မတူပီ၊ မတူ၊ ဇိုတုန်၊ ချိုး၊ ကာဏ်၊ ဒိုင် အစရှိသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၃ ဖွဲ့မှ ကိုယ်စားလှယ် ၅၂ ဦး စုစုပေါင်း ၁၀၇ ဦး လာရောက်ကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။ **သတင်းစဉ်**

## မြောက်ဦးခရိုင် ဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲ ကျင်းပ

**မြောက်ဦး ဇူလိုင် ၂၃**။ ။ရခိုင်ပြည်နယ် မြောက်ဦးခရိုင်ရှိ ကျောင်းသား ကျောင်းသူများ၏ ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးခင်မောင်ထွန်း ရေးဆွဲသော ဝါဆိုကထိန်အလှူရုပ်ပုံပန်းချီအား ဆေးရောင်ခြယ်ကြရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြောက်ဦး(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၃**

ရန်ကုန်(ရွှေဈေး) ၁၁၄၅၀၀၀ - ၁၁၄၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၄၅၀၀၀ - ၁၁၄၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၂၀ ကျပ် | ၉၄၀/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၁၀ ကျပ် | ၈၅၀/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၀.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၈၉.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၉.၆၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၈၆၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၉၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၁၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၆.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၁၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၁.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၇.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ပေါ်ကြွယ်ဝပြီး ယင်းယဉ်ကျေးမှုအမွေအနှစ်များမှာ ရှေးယခင်ကတည်းက မြန်မာနိုင်ငံ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားထည်ဝါမှုကို ဖော်ညွှန်းပြသနေပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များဟုဆိုရာတွင် ဗိသုကာလက်ရာ အရည်အသွေးမြင့်မားသည့် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း၊ တန်ဆောင်း၊ အထိမ်းအမှတ် အဆောက်အအုံများနှင့် မြို့ပြနန်းတော်စသည့် ဒြပ်ရှိယဉ်ကျေးမှုများနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးစံ၊ ဘာသာစကား၊ စာပေများစသည့် ဒြပ်မဲ့ယဉ်ကျေးမှုများလည်း ပါဝင်ပါကြောင်း၊ ပုဂံဒေသရှိ စေတီပုထိုးများတွင် ယဉ်ကျေးမှုမြင့်မားသည့် နံရံဆေးရေးပန်းချီများ၊ တန်ဖိုးမဖြတ်နိုင်သည့် အနုသုခုမလက်ရာများကို တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအံ့ဖွယ်ဒေသဖြစ်ပါကြောင်း၊ ယင်းယဉ်ကျေးမှုအမွေအနှစ်များ၏ ဆွဲဆောင်မှုများကြောင့် မြန်မာနိုင်ငံကို နိုင်ငံတကာက ခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်နေကြသည်ကို တွေ့မြင်နိုင်ပါကြောင်း။

**ကမ္ဘာတွင် မြန်မာ၏ဂုဏ်သိက္ခာ မြင့်တက်လာ**

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်ဒေသများထဲမှ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာစသည့် ပျူရှေးဟောင်းမြို့များကို ၂၀၁၄ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသားအားလုံး၏ နှလုံးသားထဲတွင် အထင်ကရရှိသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အောင်မြင်စွာသတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံသူ နိုင်ငံသားများအားလုံး အထူးဂုဏ်ယူဝမ်းမြောက်ကြရပါကြောင်း၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိရှိခွင့်ရပြီး ကမ္ဘာတွင် မြန်မာ၏ဂုဏ်သိက္ခာ မြင့်တက်လာပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဒေသများဖြစ်သည့် မြောက်ဦးရှေးဟောင်းဒေသ၊ ရွှေတိဂုံစေတီတော်နှင့် ပြဒါးလင်းဂူ အစရှိသည့် ရှေးဟောင်းနေရာဒေသများကိုလည်း မြန်မာ့အမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

**အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ခဲ့**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်သည့်နေရာတွင် ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၊ နေရာများကိုသာမကဘဲ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအလားအလာများကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခင်ကရေးဆွဲခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကိုလည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်နိုင်မှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုစသည့် အချက်များကို အလေးထားထည့်သွင်းရေးဆွဲကာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ခေတ်ကာလအခြေအနေနှင့်အညီ အသစ်ပြန်လည် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

**ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်**

ထို့အတူ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင်ရှိသည့် အဆင့်အတန်းအလွန်မြင့်မားသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအစီအစဉ်များ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ မြို့ပြလူမှုဘဝဖွံ့ဖြိုးမှုအစီအစဉ်များ စသည့် အစီအမံများကို ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် စီမံခန့်ခွဲမှုနည်းစနစ်တစ်ခုကိုလည်း ဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါကြောင်း။

**လက်ဆင့်ကမ်းထိန်းသိမ်း**

ထို့ပြင် မြန်မာနိုင်ငံ ပုဂံဒေသတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံကသာမက ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ သို့မှသာ ပုဂံယဉ်ကျေးမှုအမွေအနှစ်များကို နောင်မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂံဒေသကို လူသိပိုများလာပြီး နိုင်ငံတကာမှ ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ဒေသခံပြည်သူများ စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ၏တန်ဖိုးကို မြတ်နိုးကြပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသအား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ကိုယ်စီရှိကြပါကြောင်း။

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရပြီးနောက်ပိုင်း နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (ICOMOS )က မေးမြန်းထားသည့် အချက်အလက်များကို BAGAN COM အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များက ပေါင်းစပ်ညှိနှိုင်းပြီး ရေရှည်၊ ရေတိုစီမံကိန်းများ၊ နည်းဗျူဟာများ ပေါင်းစပ်ညှိနှိုင်းမှုများ၊ ဖြေလျှော့ဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းမှုများနှင့် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

**ပံ့ပိုးကူညီခဲ့ကြသူများအားလုံးကို ကျေးဇူးတင်**

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်တင်သွင်းနိုင်ရေး ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှပညာရှင်များ၊ ပုဂံဒေသခံပြည်သူများ၊ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာတွင် ကြိုးပမ်းအားထုတ် ပူးပေါင်းပါဝင်ပံ့ပိုးကူညီခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ ဒီနေ့ပုဂံယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာတစ်ခုဖြစ်ဖို့အတွက် ကူညီတဲ့သူများအားလုံးကို ကျေးဇူးတင်ခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ အမွေအနှစ်ဆိုတာဟာ ကျွန်မတို့ နောင်လာနောက်သားများအတွက် ချန်ခဲ့သင့်တဲ့ အရာတွေလို့ ပြောလို့ရပါတယ်။ ကမ္ဘာ့အမွေအနှစ်ဆိုတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ နောင်မျိုးဆက်တွေအတွက် ချန်ခဲ့သင့်တဲ့ကိစ္စ၊ ချန်ခဲ့ထိုက်တဲ့ကိစ္စဆိုပြီး ဒီလိုမှတ်ယူလို့ ရပါတယ်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဩစတြေးလျနိုင်ငံမှ Ms. Charlotte Galloway အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွစ်ဇာလန်နိုင်ငံမှ Mr. Kaiweise အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

ကျွန်မတို့နိုင်ငံရဲ့ယဉ်ကျေးမှုဒေသတစ်ခုဟာ ကမ္ဘာ့သူ၊ ကမ္ဘာ့သားများအားလုံးအတွက် ထိုက်တန်တဲ့ အမွေအနှစ်ဆိုပြီး သတ်မှတ်ခြင်းခံရတာ ဂုဏ်ယူစရာဆိုတာ အထူးပြောစရာမလိုပါဘူး။ ဒီလိုကမ္ဘာ့အမွေအနှစ်စာရင်းဝင်သတ်မှတ်လိုက်တဲ့အခါမှာ ကျွန်မတို့နိုင်ငံတစ်ခုတည်းအတွက်သာမဟုတ်ပါဘူး၊ ကမ္ဘာ့လူသားအားလုံးအတွက်ဖြစ်တယ်လို့ပြောလို့ရပါတယ်။ ဒီလိုကမ္ဘာ့အမွေအနှစ်အဖြစ် ရွေးချယ်သတ်မှတ်တဲ့အခါမှာ လူသားများအားလုံးအတွက် တန်ဖိုးရှိတာတွေကို ရွေးတယ်ဆိုတဲ့မူအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ကြပါတယ်။

လူသားများအားလုံး ပိုမိုပြီးတော့နီးစပ်လာရေးအတွက်ကိုလည်း ဆောင်ရွက်တယ်လို့ သတ်မှတ်တဲ့အဖွဲ့အစည်းများက ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လူသားများအားလုံးဟာ တူညီတဲ့အရာတွေရှိတယ်၊ တူညီတဲ့အတွေးအခေါ်တွေရှိတယ်။ တူညီတဲ့အတွေးအခေါ်တွေကိုစုပေါင်းပေးခြင်းဟာ ကမ္ဘာတစ်ခုလုံးအတွက် ကျေးဇူးတရားတစ်ခုဖြစ်တယ်။ ကမ္ဘာတစ်ခုလုံးအတွက် အကျိုးဖြစ်တယ်ဆိုပြီး ယူဆခြင်းပဲဖြစ်ပါတယ်။

**သက်ရှိ သက်သေများထက်ပိုပြီးအားကိုးရ**

ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက ရုပ်ပိုင်းဆိုင်ရာ သက်မဲ့ပစ္စည်းတွေဟာ တကယ်ပဲ သမိုင်းကို မှန်မှန်ကန်ကန် သက်သေထူတယ်လို့ ဆိုခဲ့ပါတယ်။ ဥပဒေအမြင်အရဆိုရင် သက်မဲ့သက်သေများဟာ သက်ရှိသက်သေများထက် ပိုပြီးအားကိုးရတယ်၊ ပိုပြီးယုံကြည်ရတယ်ဆိုတဲ့အတိုင်း သက်မဲ့ပစ္စည်းအရာဝတ္ထုများဟာ အရင်တုန်းက သမိုင်းဖြစ်ရပ်ကို ဖြစ်ရပ်အတိုင်းကို ပြနေပါတယ်။

ဒါပေမဲ့ ဖြစ်ရပ်အတိုင်းကို ပြတယ်ဆိုပေမယ့် ဒီပစ္စည်းတွေကို အရင်တုန်းက အမွေအနှစ်တွေကို ကြည့်ရှုလေ့လာတဲ့သူတိုင်းဟာ ကိုယ့်ရဲ့အတွေးအခေါ်၊ ကိုယ့်ရဲ့အမြင်လေးနဲ့ ကဗျာဆန်ဆန်နဲ့ ပြန်လည်ပြီး အတိတ်ကို ဖန်တီးနိုင်ပါတယ်။ ဒီလိုဖန်တီးနိုင်ခြင်းစွမ်းအားကိုပေးတဲ့ အမွေအနှစ်တွေဟာ ကျွန်မတို့အတွက် တန်ဖိုးအရှိဆုံးပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့နောင်လာနောက်သားများဟာလည်း ပုဂံဒေသကို ကြည့်ခြင်းအားဖြင့် တခြားကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကမ္ဘာ့အမွေအနှစ်တွေကို ကြည့်ခြင်းအားဖြင့် အရင်တုန်းက လူသားတွေဟာ ဘယ်လိုရုန်းကန်ခဲ့ရတယ်၊ ဘယ်လိုနေထိုင်ခဲ့တယ်၊ ဘယ်လိုဘဝကို ရင်ဆိုင်ခဲ့တယ်၊ နောင်လည်း ရင်ဆိုင်သွားကြရမယ်၊ ရပ်တည်သွားရမယ်ဆိုတဲ့ အသိဉာဏ်တွေ ဖြစ်စေပါတယ်။

ကျွန်မတို့ရဲ့ လူသားများဟာ တစ်ဦးကိုတစ်ဦး လေးစားဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီလိုလေးစားနိုင်ဖို့အတွက် ကမ္ဘာ့အမွေအနှစ်များဟာ ကျွန်မတို့ကို လမ်းပြနေတယ်လို့မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့အမွေအနှစ်ဆိုတာဟာ ကမ္ဘာကြီးရဲ့တစ်နေရာ၊ နှစ်နေရာတင်မဟုတ်ပါဘူး၊ ကမ္ဘာကြီးတစ်ခုလုံးမှာ ပျံ့နှံ့ပြီးတော့ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာတင်မက တခြားနိုင်ငံတွေမှာရှိပါတယ်။ ဥရောပ၊ အမေရိက၊ အာဖရိက၊ အာရှ စတဲ့ တိုက်ကြီးများအသီးသီးမှာ ကမ္ဘာ့အမွေအနှစ်တွေရှိပါတယ်။ လူသားအားလုံးဟာ နောင်လာနောက်သားတွေအတွက် တန်ဖိုးရှိတဲ့ အမွေအနှစ်တွေကို ထားပစ်ခဲ့နိုင်တယ်ဆိုတာကို သက်သေထူတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီလိုကမ္ဘာ့အမွေအနှစ်များ ရွေးချယ်ပြီး စာရင်းဝင်အောင်၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင် လုပ်ပေးတဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်တာဟာ ကျွန်မတို့နိုင်ငံအတွက် လုပ်ပေးလို့တင်မဟုတ်ဘူး။ ကျွန်မတို့ကမ္ဘာမှာရှိတဲ့ လူသားများအားလုံး ယဉ်ကျေးမှုအပေါ်မှာ အခြေခံပြီးတော့၊ သမိုင်းဖြစ်ရပ်တွေအပေါ်မှာ အခြေခံပြီးတော့ တစ်ဦးအပေါ်တစ်ဦး ပိုပြီးနားလည်မှုရှိလာဖို့အတွက်၊ နီးစပ်မှုရှိလာဖို့အတွက် ကူညီတယ်လို့မြင်တာကြောင့် ကျေးဇူးတင်တယ်လို့ ပြောချင်တာပါ။

**အမွေဆက်ခံခွင့်ပေးခဲ့**

ဘာဖြစ်လို့လဲဆိုတော့ ပုဂံဒေသကိုကြည့်မယ်ဆိုရင် ကျွန်မတို့ဟာ အတိတ်နဲ့ပစ္စုပ္ပန် ဘယ်လိုဆက်နွယ်နေသလဲဆိုတာ မြင်ရပါတယ်။ ကျွန်မတို့ရဲ့ပုဂံဒေသဟာ အရင်တုန်းက ဂူပုထိုးတွေရှိရုံသာမက အခုလည်း ကျွန်မတို့ရဲ့ပြည်သူများ နေထိုင်နေတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်မအထူးဂုဏ်ယူပါတယ်။ တချို့ကမ္ဘာ့အမွေအနှစ်နေရာတွေဆိုရင် ပြတိုက်သဖွယ် အရင်တုန်းက သမိုင်းကို သက်သေထူပြီး အခုပစ္စုပ္ပန်ဘဝတွေနဲ့ ဆက်နွယ်မှုနည်းနေတာတွေ တွေ့ရပါတယ်။ ဒါပေမယ့် ပုဂံဒေသဟာ ဆိုရင် ရှေးအမွေအနှစ်တွေလည်းရှိတယ်။ လက်ရှိပြည်သူတွေလည်း နေထိုင်လှုပ်ရှားနေတာကြောင့် ကျွန်မတို့ရဲ့ယဉ်ကျေးမှုဟာ အဆက်မပြတ်ဘဲနဲ့ ယဉ်ကျေးမှုတည်ခဲ့နိုင်တယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ပေါက်ဖွားလာတဲ့ ဒီယဉ်ကျေးမှုကြီးဟာ နှစ်ပေါင်းများစွာ ဆက်ကာဆက်ကာ အခုခေတ် ကျွန်မတို့ခေတ်အထိ အမွေဆက်ခံခွင့်ပေးခဲ့တယ်ဆိုတာကို ကျွန်မတို့ကို ထောက်ပြနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ဒီလိုဖြစ်နိုင်ဖို့အတွက် ကမ္ဘာပေါ်မှာ မတူညီတဲ့ယဉ်ကျေးမှုတွေ၊ မတူညီတဲ့လူမျိုးတွေ၊ မတူညီတဲ့အတွေးအခေါ်တွေကို စုစည်းပေးဖို့အတွက် လုပ်ဆောင်ပေးခဲ့တဲ့ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင်လို့ ကူညီပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

UNESCO၊ JICA၊ World Bank၊ အလှူရှင်နိုင်ငံများဖြစ်တဲ့ အီတလီ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂံဒေသခံပြည်သူများ၊ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ပံ့ပိုးကူညီပေးခဲ့ကြတဲ့သူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်လို့ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသည့်အတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ပပညာရှင်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ နိုင်ငံတော်သမ္မတက ထိုင်းနိုင်ငံမှ Ms. Monitora Unakul၊ အင်္ဂလန်နိုင်ငံမှ Ms. Elizabeth Moore၊ ဩစတြေးလျနိုင်ငံမှ Ms. Charlotte Galloway၊ UNESCO မှ မြန်မာနိုင်ငံတာဝန်ခံ Ms. Min Jeong Kim၊ JICA မှ မြန်မာနိုင်ငံတာဝန်ခံ Mr. Masayuki Karasawa နှင့် ကမ္ဘာ့ဘဏ်မှ Mr. Gevorg Sargsyan တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ပပညာရှင်များ၊ အလှူရှင်နိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ကြီးချုပ်များဖြစ်ကြသည့် ဩစတြေးလျနိုင်ငံမှ Mr. Duncan Marshall၊ ဆွစ်ဇာလန်နိုင်ငံမှ Mr. Kaiweise၊ အမေရိကန်နိုင်ငံမှ Mr. Richard Engelhardt၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး၊

စာမျက်နှာ ၅ သို့ ☆



ဒုတိယသမ္မတ ဦးမြင့်ဆွေ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယ သမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုတရား သူကြီးချုပ်ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်လာကြသူများ ပုဂံခေတ် ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှု အားပေးကြစဉ်။



☆ စာမျက်နှာ ၄ မှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံမှူး၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးနှင့် ပြည်တွင်းပညာရှင်များဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ Bagan Technical Expert Team, Advisory Chairman ဒေါက်တာအောင်မြတ်ကျော်၊ မြန်မာနိုင်ငံ ဗိသုကာအသင်းနာယက ဒေါက်တာကျော်လတ်၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးညွှန့်ဟန်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာစန်းဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်တွင်းပညာရှင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးအောင် ကြိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးစော၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင် နှင့် ဦးမြင့်စိန်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ နှလုံးသားထဲက ပုဂံခေတ်ပုံအဖွဲ့နှင့် ပရဟိတအဖွဲ့များကိုယ်စား တာဝန် ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင် ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် ဂုဏ်ပြုမှတ်တမ်းလွှာလက်ခံရရှိသူများ ကိုယ်စား နှလုံးသားထဲက ပုဂံခေတ်ပုံအဖွဲ့မှ အဖွဲ့ဝင်တစ်ဦး က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် ပုဂံ ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ခြင်းအတွက် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြ သူများသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ခြင်းအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများနှင့်အတူ ဂုဏ်ပြုညစာ ကို အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်လာ ကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပုဂံခေတ် ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှု အားပေးကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားရာတွင် ယခုကျင်းပလျက်ရှိသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် များစွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းတို့ကို စိစစ်အတည်ပြုရမည်ဖြစ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် များစွာအရေးကြီးပါကြောင်း၊ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များ လျင်မြန်တိုးတက်မှသာ လွှတ်တော်လုပ်ငန်းများလည်း လျင်မြန်ထိရောက်မည် ဖြစ်ပါကြောင်းနှင့် လွှတ်တော်၏ ရည်မှန်းချက်၊ ဆုံးဖြတ်ချက်များသည် အများပြည်သူအတွက် ပိုမိုအကျိုးရှိလာမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအနေဖြင့် လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ အစီရင်ခံစာပါ တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြု ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်



ရွှေကျင်မဲဆန္ဒနယ်မှ
ဦးစောသလေးစော



မင်းကင်းမဲဆန္ဒနယ်မှ
ဦးမောင်မြင့်

ယနေ့အစည်းအဝေးတွင် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **"နိုင်ငံခြားသားခရီးသွားလာမှု ကန့်သတ်ထားသည့် ဒေသများတွင် ဖြေလျှော့မှုများပြုလုပ်ခြင်း၊ အခွင့်အလမ်းများဖော်ဆောင်ပေးခြင်းဖြင့် ဖြေလျှော့ပေးလျက်ရှိသည်များကို ဌာနဆိုင်ရာများသို့ တရားဝင်ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများတွင် ကြော်ငြာမှုများဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့်ဒေသများ၏ ခရီးသွားစီးပွားရေးကဏ္ဍ မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဝန်ကြီးဌာနသည် နိုင်ငံခြားဧည့်သည်များ သွားရောက်လည်ပတ်ရန်အတွက် လိုင်စင်ရခရီးသွားကုမ္ပဏီများက တင်ပြလာသည့် ခရီးစဉ်များတွင် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်/ထွက်ခွာခွင့်ပါရှိပါက အဆိုပါခရီးစဉ်များ လည်ပတ်ခွင့်ရရှိနိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော ဒေသများအပါအဝင် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများ၊ Website များတွင် ခရီးသွားလာမှုဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ အပါအဝင် အခြားသော ဆက်စပ်အဖွဲ့အစည်းများမှရရှိသည့် သတင်းအချက်အလက်များကို ဖော်ပြပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်း သွားလာသင့်သည့် နေရာများကိုလည်း ခရီးသွားအစီအစဉ်တစ်ခုအဖြစ် စီစဉ်တင်ဆက်ပေးလျက်ရှိပါကြောင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစဉ်အမြဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၎င်းတို့ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းမွန်ပြီး ခရီးသည်များအတွက်လုံခြုံရေး အာမခံနိုင်သော ဒေသများသို့ လည်ပတ်ခွင့်ပြုရေးအတွက် တင်ပြလာသည်များကိုစိစစ်ပြီး ဖြေလျှော့ပေးနေမှုများကို မိမိတို့ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှလည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန် အသိပေးလျက်ရှိပါကြောင်းနှင့် ယခုအခါတွင် အသစ်ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ (၂၀၁၈)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီးဖြစ်ရာ ယင်းကော်မတီများအနေဖြင့်လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့် ဒေသများအတွင်း ခရီးသွားစီးပွားရေးကဏ္ဍ မြှင့်တင်ပေးရန်အတွက် ခရီးသည်များ လုံခြုံစိတ်ချစွာဖြင့် လည်ပတ်နိုင်မည့် ခရီးစဉ်ဒေသများကို ညှိနှိုင်းဖော်ထုတ်တင်ပြသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **"တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းထားရသည်။ ရှေ့အနာဂတ်တွင် တိုင်းပြည်အတွက် ဆုံးရှုံးမှုမရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်မည်တို့ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက သံမဏိစက်ရုံစီမံကိန်းများနှင့် ပတ်သက်၍ ပြည်ပပညာရှင်အဖွဲ့၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ (Evolution Report)ကို နိုင်ငံတော် စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NECC) သို့ တင်ပြသွားမည်ဖြစ်ပြီး ယင်းအစီရင်ခံစာအပေါ် NECC က စိစစ်သုံးသပ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်းကို ၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် NECC မှ တာဝန်ရှိသူများ ရောက်ရှိပြီး စက်ရုံ၏ ပကတိအခြေအနေများကို လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ကြပါကြောင်း။

ထို့အတူ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့လည်း သွားရောက်ကာ လေ့လာသုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သံမဏိစက်ရုံစီမံကိန်းများအား နိုင်ငံတော်အတွက် ဆုံးရှုံးမှုမဖြစ်စေဘဲ အကျိုးရှိစေမည့်အစီအမံများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း( MSDP )အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ Project Bank သို့ အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းအပါအဝင် လတ်တလော ရပ်ဆိုင်းစက်ရုံများ၏ Proposal များ ပေးပို့ထားရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ လတ်တလောရပ်ဆိုင်းစက်ရုံများစာရင်းတွင် ပါဝင်သည့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းအား မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း (MSDP) အရ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရှိစေရေးအတွက် လေ့လာသုံးသပ်မှုများပြုလုပ်ကာ NECC ၏ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် တိုင်းပြည်အတွက် ဆုံးရှုံးမှုမရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်သည့် မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **" မြန်မာနိုင်ငံသံနှင့် သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JIS ကို ကိုးကား၍ မြန်မာနိုင်ငံ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရှင်းလင်းပြောကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **"မင်းလှမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည် မပေါက်သေးသော မစိုးရိမ်ကျေးရွာ၊ စိန်သာယာကျေးရွာ၊ ဟိုင်းယုကျေးရွာ၊ ကြာပင်အိုင်ကျေးရွာ၊ အောင်ဆန်းမြိုင်ကျေးရွာ၊ ကြံတိုင်းအောင်ကျေးရွာ၊ သီဟိုဠ်မြိုင်ကျေးရွာ၊ ရွာသာယာကျေးရွာ (လက်ဆက်အုပ်စု)၊ ချမ်းမြေ့သာယာကျေးရွာ၊ ရွာသာယာကျေးရွာ (ဝက်လှကြီးအုပ်စု)၊ ကျွန်းကုန်းကျေးရွာများအား ပြည်ထဲရေးအမည်ပေါက်အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ "**မေးခွန်း၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးထွန်းလင်းမော်၏ **"မြစ်သဲကျောက် ထုတ်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်ခြင်းများအား အရေးယူရာတွင် မော်တော်လုပ်သားများသာမက တာဝန်ခံမှုတာဝန်ယူမှုတို့ဖြင့် မော်တော်ပိုင်၊ ကျောက်လုပ်ငန်းဥက္ကဋ္ဌများကိုပါ စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေကြောင်းများနှင့် အရေးယူရန် အစီအစဉ် ရှိ၊ မရှိနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားလုပ်သော ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ "**မေးခွန်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **"မြေပုံမြို့နယ် ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မြောက်ဦးခရိုင် စီမံခန့်ခွဲရေးကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုက်ရိုက်ဝင်ရောက်၍ အုပ်ချုပ်ရေးမှူးအား တာဝန်မှရပ်စဲခြင်း၊ ခန့်အပ်ခြင်းတို့ပြုလုပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ သိလိုခြင်း"** မေးခွန်း၊ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၏ **"ကော့သောင်းမြို့တွင် အိမ်ရာမြေကွက်များကို စီမံကိန်းဖြင့် ဖော်ဆောင်နေသူများသည် မိမိတို့ဖော်ဆောင်နေသည့် အိမ်ရာမြေကွက်များကို မည်သည့်ကာလတွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်ကို သိလိုခြင်း"** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ရှင်းလင်းဖြေကြားသည်။ **စာမျက်နှာ ၇ သို့** ○

# ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန် တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော်  ဇူလိုင်  ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ရေဦး မြောင်းမတော် လက်တံအဖျားပိုင်းရှိ တောင်သူလယ်သမားများ စိုက်ပျိုးရေ နှစ်စဉ်မရရှိခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆည်ရေကို သွက်လက်မြန်ဆန်စွာ ပို့ဆောင်ပေးဝေနိုင်ရေးအတွက် ရေဦးမြောင်းမတော်၏ အဖျားပိုင်း လိုအပ်သည့် နေရာများတွင် သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်း၊ လိုအပ်သည့် ရေပေး အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်း၊ စိုက်ပျိုးရေမလိုအပ်သည့် အချိန်တွင် ရေဆိုးများ အလွယ်တကူထုတ်နုတ်နိုင်ရန်အတွက် ရေဆိုးထုတ် မြောင်းများတူးဖော်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ် လျက်ရှိပါကြောင်း။

## ရေဦးမြောင်းမတော်၏ မြောင်းဆုံးအဖျားပိုင်းတွင် ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံဆောင်ရွက်ပေးသွားမည်

သို့ဖြစ်၍ ရေဦးမြောင်းမတော်၏ မြောင်းဆုံးလက်တံအဆုံးရှိ ခင်သာ၊ ဘောင်းကျ၊ ရှားကုန်းကျေးရွာများမှ လယ်ယာမြေများ စိုက်ပျိုးရေ အခက်အခဲ မရှိစေရေးအတွက် မြောင်းအရင်းပိုင်းရှိ တောင်သူများအနေဖြင့် သတ်မှတ် ထားသည့် ရေလှည့်ဇယားအတိုင်း တိကျစွာလိုက်နာပြီး ညီညွတ်မျှတစွာ စိုက်ပျိုးရေရယူစေရန် အထူးအလေးထား စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရေဦးမြောင်းမတော်၏ မြောင်းဆုံးအဖျားပိုင်းတွင် ပြုပြင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေဦးမြောင်းမတော် တစ်ခုလုံး ပြုပြင်ခြင်းလုပ်ငန်း များကို ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဂျပန် ODA ချေးငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ဦးစားပေး ထည့်သွင်း လျာထား စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မုံညင်းအိုင်ကန်အား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မုံညင်းအိုင်ကန်၏ ကန်ပေါင်တွင် အက်ကြောင်း များ၊ ထူးပေါက်များဖြစ်ပေါ်ပြီး နိမ့်ကျပျက်စီးလျက်ရှိသည့်အပြင် ကန်တွင်း သဲနုန်းများပို့ချပြီး တိမ်ကောလျက်ရှိပါကြောင်း၊ ရေသိုလှောင်နိုင်စွမ်းအား လျော့ကျလျက်ရှိသောကြောင့် မုံညင်းအိုင်ကန်အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ကန်ပေါင်များ ပုံစံကျမြေဖို့ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ် လျက်ရှိပါကြောင်း။

သို့ဖြစ်၍ မုံညင်းအိုင်ကန် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ကွင်းဆင်းတိုင်းတာပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဆောင်ရွက်သွား ရန် စီစဉ်ပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။


ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် နှာဟရိန်မြို့သောက်သုံးရေရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးလှကျော်



စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး



မကွေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်



ရခိုင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ လာသော **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**ကို အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ဉွှန်ကြား ရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ကြေညာသည်။

## အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေး

ထို့နောက် **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း က ဥပဒေကြမ်း၏ အခန်း(၉) အပိုဒ် ၄၀ တွင် "ကျောင်းစာသင်ချိန်အတွင်း ကျောင်းသားများအပေါ်တွင် လူမျိုး၊ ဘာသာ၊ အဆင့်အတန်းနှင့် ဆင်းရဲ ချမ်းသာ၊ အမျိုးသား၊ အမျိုးသမီး စသည့် မတူကွဲပြားခြားနားမှုများအပေါ် မည်သည့်ခွဲခြားဆက်ဆံမှုများကိုမှမပြုဘဲ သဘောထားဖြောင့်မှန်စွာဖြင့် စေတနာမေတ္တာ အပြည့်အဝထား၍ သင်ကြားပို့ချဆိုဆုံးမပေးရန်"ဆိုသည့် အပိုဒ်ခွဲနှင့် "ကျောင်းတက်ချိန်အတွင်း (သို့မဟုတ်) ကျောင်းထဲရှိနေစဉ် အတွင်း ကျောင်းသားအချင်းချင်း အငြင်းအခုံဖြစ်ပွားခြင်း၊ ခိုက်ရန်ဒေါသ ဖြစ်ပွားခြင်းနှင့် အမျိုးမျိုးသော ဘေးအန္တရာယ်များ မကျရောက်စေရန် ကြပ်မတ် စောင့်ရှောက်ရန်"ဆိုသည့် အပိုဒ်ခွဲနှစ်ခုတို့ကို ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဟိန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးတို့က အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် မူလအတိုင်းထားရှိသင့်သည့် အပိုဒ်ခွဲများကို ဆွေးနွေး ကြသည်။

အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးမည့်နေ့ရက်ကို ကြိုတင် အသိပေးသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာထား သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလှကျော်က ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းပြီး ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြား ရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာထားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း တင်သွင်းထားသည့် **ကျေးလက်နေအမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွားလုပ်ခြင်းကို လျော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင် ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေးရှာဖွေပေးခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင် ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး အမျိုးသမီးများ၏ လူနေမှုဘဝကို ဝိုင်းဝန်းဖြေရှင်းပေးကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်က ကျေးလက်နေ အမျိုးသမီးများ၏ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရန် ငွေကြေးထုတ်ချေးခြင်းသာမက စီမံခန့်ခွဲမှုများကို သက်ဆိုင်ရာဌာနအသီးသီးက ပေါင်းစပ်ညှိနှိုင်းပြီး အကောင် အထည်ဖော်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးနှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းတို့က အဆိုနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေး ကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး အမည်စာရင်းတင်သွင်းထားပြီး လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးမည့် နေ့ရက် ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်း အဝေး စတုတ္ထနေ့ကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လူကျော်(သတင်းစဉ်)**

---

❍ စာမျက်နှာ ၆ မှ

ထို့နောက် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက **"စက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင်ပြုလုပ်လိုသည့် စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီး စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထား သော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော် အတွက် အမြန်ဆုံးအကျိုးရှိအောင်ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆို"**ကို တင်သွင်းသည်။

ယင်းအဆိုတွင် စက်ရုံများကာလကြာမြင့်စွာ ရပ်ဆိုင်းထားရသဖြင့် နိုင်ငံတော်ပိုင်စက်ရုံနှင့် စက်ပစ္စည်းများ ယိုယွင်းပျက်စီးခြင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာစွမ်းအားများ၊ စိတ်ဓာတ်ခွန်အားများ လျော့နည်းခြင်း၊ စက်ရုံ၏ ပြင်ဆင်စရိတ်နှင့် ဝန်ထမ်းလစာများဆက်လက်ကျခံနေရသဖြင့် နိုင်ငံတော်အတွက် အရှုံးများစွာဖြစ်ပေါ်စေခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားများ ကျဆင်းသဖြင့် ပြည်တွင်း ထုတ်လုပ်မှု တန်ဖိုးများကျဆင်းခြင်းနှင့် စက်ရုံများ ရပ်ဆိုင်းထားရသဖြင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးများဖြစ်နေခြင်း၊ အလုပ် အကိုင်အခွင့်အလမ်း လျော့နည်းခြင်းတို့ကို တွေ့မြင်နေရပါကြောင်း။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်တွင် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ ၂၀ နှင့် စီမံကိန်း နှစ်ခုကို ယာယီ ရပ်ဆိုင်းစေခဲ့ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများက ရပ်ဆိုင်းထားသည့် စက်ရုံများကို ပြန်လည်သုံးသပ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ PPP Sector သို့ ပေးပို့ထားသည်ဟု သိရှိရပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စက်ရုံများအား မည်သို့ဆက်လက် ဆောင်ရွက်မည်ကို နည်းလမ်းရှာဖွေပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ရပ်ဆိုင်းထားသည့် စက်ရုံ ၂၄ ရုံအနက် မှန်စက်ရုံ(ပုသိမ်)ကို ပီပီပီစနစ်၊ ရော်ဘာပစ္စည်းစက်ရုံ(သဃ်န်းကျွန်း)နှင့် ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) တို့ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စီစဉ်လျက်ရှိသည်ဟု သိရပါကြောင်း၊ စက်မှု ဝန်ကြီးဌာနသည် နှစ်စဉ်အရှုံးဖြစ်ပေါ်နေသည့်အတွက် နိုင်ငံအတွက် ထိခိုက် နစ်နာမှုနှင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှုများနှင့်ပတ်သက်၍ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေစာရင်းများအရ စက်မှုဝန်ကြီးဌာန အရှုံး ဖြစ်ပေါ်မှုသည် ၂၀၁၅-၂၀၁၆ တွင် ငွေကျပ် ၈၉၄၇၁ သန်း၊ ၂၀၁၆-၂၀၁၇ တွင် ငွေကျပ် သန်း ၉၄၈၅၀၊ ၂၀၁၇-၂၀၁၈ တွင် ငွေကျပ် ၆၆၂၆၆ သန်း၊ ၂၀၁၈ မီနီဘတ်ဂျက်တွင် ငွေကျပ် ၃၂၄၈၉ သန်း ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဝန်ကြီးဌာနအောက်တွင်ရှိသည့် စက်ရုံ၊ အလုပ်ရုံများ ဘဏ္ဍာငွေဆက်လက်ဆုံးရှုံးနေမှုများကို ကာကွယ်နိုင်ရန် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိရှိ အမြန်ဆုံးအသုံးချနိုင်အောင် ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အထက်ပါအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် လက်ခံ ဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာ သန်းဝင်းက **"မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း"**ကို လွှတ်တော်သို့တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွှေးကြူဇင်**

**ဓာတ်ပုံ- ထန်းဖုန်**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း(ယူနက်စကို)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရွေးကောက်ပွဲများကို စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် သတင်းမီဒီယာ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတရရှိစေရန် ဆောင်ရွက်သည့်လုပ်ငန်း(Civic Education)နှင့် ဆန္ဒမဲပေးမည့်မဲဆန္ဒရှင်များအား မဲပေးခြင်းဆိုင်ရာ အသိပညာပေးဆောင်ရွက်သည့်လုပ်ငန်း (Voter Education) များ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းက ဆောင်ရွက်၍မရပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဓိကကျသည့် သတင်းမီဒီယာ၏ အကူအညီများစွာ လိုအပ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ စတင်၍ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကို ဖိတ်ကြားခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကာလတွင် အဆင်ပြေချောမွေ့စွာ သတင်းရယူနိုင်ရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ယခင်မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့် တွေ့ဆုံညှိနှိုင်းခဲ့ပါကြောင်း၊ ညှိနှိုင်းချက်များအရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်များ၊ သတင်းမီဒီယာကျင့်ဝတ်များကို ပြုစုရေးသားဖြန့်ဝေပေးခဲ့သည့်အတွက် ရွေးကောက်ပွဲတွင် သတင်းရယူရေးဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့ခဲ့ပြီး ကော်မရှင်အတွက် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေမှုဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်၏လုပ်ဆောင်ချက်များ၊ ပြည်သူလူထုတစ်ရပ်လုံးသိသင့်သည့် သတင်းများ၊ ကြေညာချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်းကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် UEC Website တို့မှ အခါအားလျော်စွာ ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း။

**ဘက်လိုက်ရေးသားမှုမျိုး မဖြစ်ရန်လို**

ကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို တာဝန်ပေးထားပြီး လိုအပ်ပါက သတင်းစာရှင်းလင်းပွဲများကို ကျင်းပပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာများအနေဖြင့် နိုင်ငံတော်အကျိုးအတွက် မျှော်ကိုးပြီး ရွေးကောက်ပွဲနှင့်ဆိုင်သည့် မှန်ကန်မှုရှိသော သတင်းအချက်အလက်များကို ပြည်သူလူထုသိရှိစေရန် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ သတင်းအမှားများနှင့် အမုန်းစကားများ ပြည်သူလူထုထံ ရောက်ရှိပါက ရွေးကောက်ပွဲတွင် မလိုလားအပ်သည့် ပဋိပက္ခများဖြစ်လာနိုင်သောကြောင့် သတင်းမီဒီယာများအနေဖြင့် ဘက်လိုက်ရေးသားမှုမျိုး မဖြစ်စေရန်နှင့် သတင်းတစ်ပုဒ်၏တန်ဖိုးကို အလေးထားရန် တိုက်တွန်းလိုပါကြောင်း၊ ရွေးကောက်ပွဲသတင်းများရေးသားဖော်ပြရာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်ထားသည့် သတင်းမီဒီယာကျင့်ဝတ်နှင့် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း။

၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှစ်အဖြစ် သတ်မှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆန္ဒရှင် ပြည်သူများအတွက် မဲစာရင်းပြုစုရာတွင် ပူးပေါင်းပါဝင်လာစေရန်၊ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာရာတွင် ပြည်သူများကြည့်ရှုစေရန်နှင့် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်မှုများ ပြုလုပ်နိုင်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်စေရန် သတင်းမီဒီယာသမားများအနေဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)နှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း(ယူနက်စကို) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် မီဒီယာအခန်းကဏ္ဍအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။ **သတင်းစဉ်**

# အာဆီယံဘက်စုံဘေးကင်းလုံခြုံသော စာသင်ကျောင်းလုပ်ငန်းတိုးတက်မှု အစီရင်ခံခြင်းဆိုင်ရာလမ်းညွှန်အား မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ





**နေပြည်တော် ဇူလိုင် ၂၃**

အာဆီယံဘက်စုံဘေးကင်းလုံခြုံသော စာသင်ကျောင်းလုပ်ငန်းတိုးတက်မှု အစီရင်ခံခြင်းဆိုင်ရာလမ်းညွှန်အား မိတ်ဆက်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ Regional ASEAN Safe School Initiative အစီအစဉ်မှ တာဝန်ရှိသူများ၊ Plan International Myanmar မှ တာဝန်ရှိသူများ၊ Disaster Preparedness and Response in Education နှင့် Disaster Risk Reduction Working Group မှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသည် နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပညာရေးနှင့်ပတ်သက်သည့် အခြေခံအဆောက်အဦများ ပျက်စီးဆုံးရှုံးခြင်း၊ ထိခိုက်ပျက်စီးမှုများကြောင့် စာသင်ကျောင်းများပိတ်ထားရခြင်း၊ ပညာရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခြင်း၊ ပညာရေးဘတ်ဂျက်များ ပိုမိုကျခံသုံးစွဲရခြင်းစသည်တို့ကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ၂၀၀၈ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ကြောင့် စာသင်ကျောင်းပေါင်း ၂၄၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ရပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေနစ်မြုပ်မှုများကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် စာသင်ကျောင်း ၄၀၀၀ ကျော် ထိခိုက်ခဲ့ပြီး စာသင်ကျောင်း ၆၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ ၂၀၀၈ ခုနှစ် နှစ်လယ်မှစ၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို ပညာရေးကဏ္ဍအတွင်း ပေါင်းစည်းထည့်သွင်းခြင်းကို စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇)အား အပြည်ပြည်ဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေးမူဘောင်ဖြစ်သည့် ဆန်ဒိုင်းမူဘောင် (Sendai Framework for Action)နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာအာဆီယံသဘောတူညီချက်(AADMER) တို့နှင့်အညီ ပြုစုခဲ့ပါကြောင်း၊ ဘက်စုံဘေးကင်းလုံခြုံသော စာသင်ကျောင်းလုပ်ငန်းစဉ်များသည် ASEAN Education Work Plan 2016-2020 ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် ၂၀၁၇ ၏ ဦးစားပေးလုပ်ငန်းစဉ်လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်ပြီး စာသင်ကျောင်းဘေးကင်းလုံခြုံရေးလုပ်ငန်းများအား အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ရန်ပုံငွေပံ့ပိုးမှုများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

**မိမိတို့တတ်စွမ်းသည့်ဘက်မှ ပါဝင်ဆောင်ရွက်**

ယခုအလုပ်ရုံဆွေးနွေးပွဲမှ ရှေ့ဆက်လုပ်ငန်းစဉ်များဖော်ထုတ်ရာတွင်လည်း လက်တွေ့ကျသောလုပ်ငန်းစဉ်များအား ဆွေးနွေးဖော်ထုတ်ကြရန် လိုပါကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ထိုဘေးအန္တရာယ်များသည် နိုင်ငံ၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးစေပါကြောင်း၊ ဘက်စုံဘေးကင်းလုံခြုံသော စာသင်ကျောင်းများဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းတင်သာမကဘဲ အခြားသောဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများအပြင် ပြည်သူတစ်ရပ်လုံးက မိမိတို့တတ်စွမ်းသည့်ဘက်မှ ပါဝင်ဆောင်ရွက်ကြမှသာ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့် ပြီးပြည့်စုံသောပညာရေးစနစ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် Plan International Myanmar မှ တာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲဆောင်ရွက်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆားဗီးယားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၃**
အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားနိုင်ငံ သံအမတ်ကြီး Mr. Miodrag Nikolin အား ယနေ့မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သံအမတ်ကြီးက အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အတွင်း ဆားဗီးယားနိုင်ငံ ဘယ်လ်ဂရိတ်မြို့တွင် ကျင်းပမည့် (၁၄၁)ကြိမ်မြောက် ညီလာခံနှင့် Inter-Parliamentary Union (IPU) အစည်းအဝေးများသို့ တက်ရောက်ပေးပါရန် ဆားဗီးယားနိုင်ငံ အမျိုးသားညီလာခံ ဥက္ကဋ္ဌ Mrs. Maja Gojkovic က ဖိတ်ကြားသည့် ဖိတ်ကြားစာအား ပေးအပ်၍ နှစ်နိုင်ငံအကျိုးနှင့် စပ်လျဉ်းသည့် ချစ်ကြည်ရင်းနှီးမှုပိုမိုမြှင့်တင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၁/ ၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**
**တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးမျိုးမောင်ကို စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**
မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မသန်စွမ်းသူများ၏ လိုအပ်ချက်တွေကို သိရှိရန်လို**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများနှင့်ပတ်သက်၍ အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအတွက် အစိုးရအနေဖြင့် သာတူညီမျှရရှိရေးကို အဓိက ဦးစားပေးအဖြစ် ဆောင်ရွက်ပါကြောင်း၊ သာတူညီမျှခံစားရရှိရေးဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ လိုအပ်ချက်တွေကို သိရှိရန် လိုပါကြောင်း၊ လူတစ်ဦးချင်းစီ၏လိုအပ်ချက် အခြေအနေများမှာ အနည်းနှင့်အများ ကွဲပြားခြားနားပါကြောင်း၊ အဓိကအားဖြင့် လုပ်ငန်းကော်မတီများသည် မသန်စွမ်းတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်ချက်တို့ကို သိရှိထားရန် လိုအပ်ပြီး မသန်စွမ်းမှုအဆင့်ခွဲခြားခြင်းဆိုသည်မှာ ခွဲခြားဆက်ဆံခြင်းမဟုတ်ဘဲ မသန်စွမ်းတစ်ဦးချင်းစီ၏ အခြေအနေအမှန်နှင့် လိုအပ်ချက်တို့ကို စိစစ်ဖော်ထုတ်ပေးခြင်းသာ ဖြစ်ပါကြောင်း။

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းမှာ အလွန်အရေးကြီးသည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကိုဖော်ဆောင်ရာတွင် အရေးကြီးပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အောင်မြင်ရန် အမျိုးသားကော်မတီက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် အဆင့်ဆင့်ဖွဲ့စည်းထားရှိသည့် ကော်မတီများက မသန်စွမ်းအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှသာလျှင် လုပ်ငန်းစဉ် အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် မသန်စွမ်းအဖွဲ့အစည်းတို့ကိုလည်း တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အထောက်အကူပြုနိုင်မည်**

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းအတွက် မွေးစအရွယ်မှစ၍ အသက် (၁၈) နှစ်အထက်အထိ အကဲဖြတ်မည့် မေးခွန်းလွှာများ ပြင်ဆင်ထားရှိသည်မှာ အလွန်ကောင်းမွန်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် (Early Childhood Intervention) လုပ်ငန်းစဉ်ကိုလည်း များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ မသန်စွမ်းမှုနှင့် မသန်စွမ်းသူဦးရေ လျှော့ချနိုင်ခြင်း၊ မသန်စွမ်းသူများကို စွမ်းနိုင်သမျှ စွမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။



**ရှင်းလင်းဆွေးနွေး**

ထို့နောက် UNICEF (မြန်မာ) မှ Deputy Representative Mr. Paul Edwards က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မသန်စွမ်းမှုကို မွေးစမှ အသက် (၁၈) နှစ်အထက်အထိ အကဲဖြတ်မည့် မေးခွန်းလွှာများ၊ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းအစီအစဉ်များ၊ ကနဦးစီမံကိန်းအဖြစ် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့တို့တွင် သင်တန်းပို့ချဆောင်ရွက်ခြင်းနှင့် စီမံကိန်းအတွက် ကုန်ကျမည့် ရန်ပုံငွေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစိမ်းရောင်စီမံချက်ကြောင့် ကျေးရွာလျှပ်စစ်မီးနှင့် မြေသားလမ်းအဆင်ပြေ

**ကျောက်တံခါး ဇူလိုင် ၂၃**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာများအနက်မှ သရက်အုပ်ကျေးရွာနှင့် ဖြူးစုကျေးရွာတို့တွင် မြစိမ်းရောင်အတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် မြေသားလမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သဖြင့် ဒေသခံပြည်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြိမ်ခါးကုန်းကျေးရွာအုပ်စု သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေမှ ကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅၂ ဒသမ ၃၅၇ သိန်း စုစုပေါင်းကုန်ကျငွေကျပ် ၂၅၂ သိန်းကျော်ဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ခါတ်အားလိုင်းအရှည်ပေ ၅၇၈၀ သွယ်တန်းခြင်းလုပ်ငန်း၊ ဖြူးစုကျေးရွာတွင်လည်း မြစိမ်းရောင်စီမံကိန်းအတိုးရငွေမှ ငွေကျပ် ၇၂ သိန်းဖြင့် အရှည်ပေ ၂၆၀၀၊ အကျယ် ၁၅ ပေ၊ ဒုသုံးပေရှိသော ရွာလယ်လမ်းမကြီးမြေဖို့ခြင်း၊ အရှည်ပေ ၇၀၀၊ အကျယ် ခုနစ်ပေ ဒုနှစ်ပေရှိလမ်းသွယ်(၁)မြေဖို့ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၂၀၀၀၊ အကျယ်ငါးပေ၊ ဒုတစ်ပေရှိလမ်းသွယ်(၂) မြေဖို့ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ကြိမ်ခါးကုန်းကျေးရွာအုပ်စု သရက်အုပ်ကျေးရွာနှင့် ဖြူးစုကျေးရွာရှိ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးများကို များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

# စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၃**
မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)ကကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက်မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ သြဘာလမ်းနှင့် ကျောက်ရေတွင်းလမ်းထောင့် တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ အထက (၂) တာမွေ၌ ကျင်းပမည်ဖြစ်သည်။

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲတွင် ပါမောက္ခမျိုးလွင်ငြိမ်း၊ ပါမောက္ခထင်အောင်စော၊ ပါမောက္ခမာမာကြည်နှင့် ပါမောက္ခယဉ်ယဉ်စိုးတို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထု ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် ပါမောက္ခထင်အောင်စောက “ရာသီတုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ”၊ ပါမောက္ခမာမာကြည်က “တီဘီနှင့်ဆေးယဉ်ပါးတီဘီရောဂါအကြောင်း သိကောင်းစရာ”၊ ပါမောက္ခယဉ်ယဉ်စိုးက “သားဆက်ခြားခြင်း သိမှတ်ဖွယ်ရာများ”၊ ဒေါက်တာဝင်းဇော်က “သွေးချို၊ ဆီးချိုရောဂါကာကွယ်ပါ” ခေါင်းစဉ်တို့ဖြင့်ဟောပြောမည်ဖြစ်ကြောင်း၊ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် The World Bank Group ၏ Senior Economist, Mr. Sjamsu Rahardja နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် The World Bank Group ၏ Senior Economist, Mr. Sjamsu Rahardja ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကမ္ဘာ့စီးပွားရေးအသိုက်အဝန်း၌ မြန်မာနိုင်ငံ၏ ပေါင်းစည်းပါဝင်မှု မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်မှ နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများ ရယူသွားနိုင်ရေး၊ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအား ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံဆိုင်ရာ အရည်အသွေးနှင့် စွမ်းဆောင်ရည် တိုးမြှင့်နိုင်ရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးတို့အတွက် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်နေကြသည့် ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုချီးမြှင့်




**နေပြည်တော် ဇူလိုင် ၂၃**

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yuntianhua Group တို့ ပူးပေါင်းကျင်းပသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်နေကြသောဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများအား ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နိုင်ငံတော်၏ လယ်ယာကဏ္ဍကို ပခုံးပြောင်းတာဝန်ယူကြမည့် အနာဂတ်စိုက်ပျိုးရေးပညာရှင်များဖြစ်လာစေရေး ကြိုးပမ်းမှုနှင့်အတူ စိုက်ပျိုးရေးကဏ္ဍအတွက် ပိုမိုအကျိုးရှိစေမည့် သုတေသနလုပ်ငန်းများ ကြိုးစားဖော်ဆောင်ကြစေလိုကြောင်း၊ သုတေသနလုပ်ငန်းတိုင်းသည် ရလဒ်ကောင်းများမထွက်နိုင်သော်လည်း၊ သုတေသနရလဒ်ကောင်း တစ်ချက်သည် အကျိုးစီးပွားများစွာအား ဆောင်ကြဉ်းပေးနိုင်သည်ကို နှလုံးသွင်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yuntianhua Group မှ Vice General Manager, Mr. Liu Hexing၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နန်းဆိုင်ဟွမ်တို့က ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုချီးမြှင့်ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် Marketing Director of Yuntianhua United Commerce Co., Ltd. မှ Justin Cai က စိုက်ပျိုးရေးကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်မှုရလဒ်ကောင်းများ ရရှိမှုများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသသည်။

Yuntianhua သုတေသနဆုနှင့် ပညာသင်ဆုများကိုရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့လွန် သင်တန်းများဖြစ်သည့် မဟာသိပ္ပံတန်းနှင့် ပါရဂူတန်းများမှ ကျောင်းသား ကျောင်းသူများကို နိုင်ငံအကျိုးပြုစိုက်ပျိုးရေးဆိုင်ရာ သုတေသနများလုပ်ဆောင်နိုင်ရန်အတွက် သုတေသနဆုကိုလည်းကောင်း၊ ဘွဲ့ကြိုကျောင်းသားများဖြစ်သည့် Semester-II, Semester-IV တတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ စတင်ချီးမြှင့်ခဲ့ခြင်း ဖြစ်ပြီး ဆောင်ရွက်မည့် သုတေသနဆိုင်ရာများကိုလူတွေ့မေးမြန်း၍ အမှတ်အများဆုံးရရှိသည့် ကျောင်းသားကျောင်းသူများကို ရွေးချယ်ပေးအပ်ခြင်း ဖြစ်သည်။

ယနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပါရဂူပညာသင်ဆုရရှိသူသုံးဦးအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ နှုန်း၊ မဟာသိပ္ပံပညာသင်ဆုရရှိသူ ခြောက်ဦးအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ နှုန်း၊ ဘွဲ့ကြိုသင်တန်း ကျောင်းသားကျောင်းသူ ၂၀ အား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၅၀ နှုန်းပေးအပ်ချီးမြှင့်ကြရာဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူတန်းများမှ ကျောင်းသားကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ကျောဖုံးမှ**

ဝါဆိုလပြည့်နေ့စသည့် အခါကြီးရက်ကြီးများတွင် တံတားပေါ်မှ အန္တရာယ်ကင်းစွာ ဖြတ်သန်းအပန်းဖြေနိုင်ရန်အတွက် လိုအပ်သော ကြံ့ခိုင်မှုများကို ယခုနှစ် သင်္ကြန်မတိုင်ခင် ဧပြီလကတည်းက ကြိုတင်၍ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

**တံတားရဲ့ကြံ့ခိုင်မှု ဆောင်ရွက်ထား**

"အခါကြီးရက်ကြီးတွေမှာ ဒီတံတားပေါ်ကို လူအုပ်စုတွေအများကြီးဖြတ်လျှောက်တဲ့ဒဏ်ကို ခံနိုင်ရည်ရှိအောင် တံတားရဲ့ချုပ်တန်းတွေ ပြုပြင်တယ်။ တံတားတိုင်တွေကိုလည်း မျောတိုင်တွေ သစ်မာတွေနဲ့ ထောက်ကန်ပေးထားပြီး ဆင့်တန်းတွေနဲ့ တံတားကြမ်းခင်းတွေကိုလည်း အစားထိုးလဲလှယ်ပြုပြင်ပေးခဲ့တယ်။ ဒါ့အပြင် တံတားကြမ်းခင်းတွေမှာ ရိုက်ထားတဲ့ သံတွေပြုတ်နေတာ ကြွနေတာကို ပြန်ရိုက်ပြီး တံတားရဲ့ကြံ့ခိုင်မှုအတွက် ကျွန်တော်တို့ဌာနက ဦးဆောင်ပြီး အလှူရှင်ရဲ့ လှူဒါန်းငွေတွေနဲ့ သင်္ကြန်မတိုင်ခင်ကတည်းက ဆောင်ရွက်ထားပါတယ်။ အခု တောင်သမန်အင်းထဲ ရေဝင်ရောက်တဲ့ ကာလမှာလည်း သက်ဆိုင်ရာ ရပ်/ကျေးအဖွဲ့တွေနဲ့ တာဝန်ကျဝန်ထမ်းတွေက အချိန်နဲ့တစ်ပြေးညီ တံတားအခြေအနေတွေကို သတင်းပေးပို့နေတဲ့အပြင် ကျွန်တော်တို့ ဌာနကလည်း သွားရောက်ကြည့်ရှုစစ်ဆေးမှုတွေ လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် ရေပြန်ကျသွားရင်လည်း လိုအပ်တဲ့ပြုပြင်မွမ်းမံမှုတွေကို ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

**လုံခြုံရေးဆောင်ရွက်ထား**

လက်ရှိတွင်တောင်သမန်အင်းအတွင်း မြစ်ရေဝင်ရောက်လာမှုကြောင့် တံတားကြမ်းခင်းနှင့်ထိစပ်ရန် လေးပေခန့်သာ လိုတော့သည့်အတွက် တံတားပေါ်တွင် ဖြတ်သန်းသွားလာကြသည့် ခရီးသွားများ အန္တရာယ်ကင်းစွာ သွားလာနိုင်စေရန် အင်းအတွင်း၌ ငှက်လှေများဖြင့် လုံခြုံရေးဆောင်ရွက်ထားကြောင်း သိရသည်။

"မြစ်ရေတွေ ဝင်လာတဲ့အတွက် တောင်သမန်အင်းနဲ့ တံတားပေါ်ကို လာရောက်ကြတဲ့ ပြည်တွင်းပြည်ပ ခရီးသွားတွေ အန္တရာယ် တစ်စုံတစ်ရာဖြစ်ခဲ့ရင် အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ငှက်လှေတွေကို အလှည့်ကျစနစ်နဲ့ အင်းပတ်လည်မှာ လုံခြုံရေးတာဝန်ချထားပါတယ် " ဟု တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

လက်ရှိအခြေအနေတွင် တောင်သမန်တံတားသို့ နေ့စဉ်ပြည်တွင်းခရီးသွားဦးရေ ၇၀၀ ကျော်နှင့် နိုင်ငံတကာခရီးသွားဧည့်သည် ၃၀၀ ကျော် ဝင်ရောက်လည်ပတ်လျက်ရှိပြီး ယခုရာသီ၌ တရုတ်ခရီးသွား အများဆုံးဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

○ **မြန်မာ ယူ-၂၂ မှ**

နိုင်ငံတကာခြေစမ်းပွဲများ ကစားမည်ဖြစ်ပြီး အောက်တိုဘာလတွင် ကာတာနိုင်ငံသို့ သွားရောက်ကာလေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး ကာတာ ယူ-၂၂ အသင်းနှင့်လည်း ခြေစမ်းပွဲကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ဩဂုတ် ၁၉ ရက်တွင် စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ကစားသမားသစ်များ၏ ခြေစွမ်းကို စမ်းသပ်ရန် ယခုလအတွင်း သက်ဆိုင်ရာလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြပြီး အလားအလာရှိသည့် ကစားသမား ၃၀ ကျော်ကို စမ်းသပ်လေ့ကျင့်ပေးလျက်ရှိသည်။ ယခုလအတွင်း လေ့ကျင့်ပေးနေသည့် ကစားသမားသစ်များအနက် အလားအလာရှိသည့် ကစားသမားများနှင့် ယခင်ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည့် ကစားသမားများကို ပြန်လည်ပေါင်းစပ်ကာ ပဏာမလူစာရင်းကို ဩဂုတ်လဆန်းတွင် ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ် ပိုပေါ့ဗ်သည် ယခုနှစ်အတွင်းယှဉ်ပြိုင်ခဲ့သည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် မတ်လက ယှဉ်ပြိုင်ခဲ့သည့် အာရှ ယူ-၂၃ ခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်း၊ ဗီယက်နမ် ယူ-၂၂ အသင်းတို့နှင့် ခြေစမ်းပွဲကစားရန် မေလနောက်ဆုံးပတ်မှ ဇွန် ၇ ရက်အထိ ကာလတိုလေ့ကျင့်ပြင်ဆင်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခြေစမ်းပွဲများတွင် ပိုဟန်စတီးလားစ်အသင်းကို အနိုင်ရသော်လည်း ဗီယက်နမ် ယူ-၂၂ အသင်းကို အဝေးကွင်း၌ ရှုံးနိမ့်ခဲ့သည်။ **ရှိုင်းထက်ဇော်**

# စလင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထား

**စလင်း ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းဘေး ကျေးရွာများရှိ အခြေခံပညာကျောင်းလေးကျောင်းအား ဇူလိုင် ၂၂ ရက်မှ စတင်၍ ယာယီပိတ်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသောကျောင်းများမှာ ဇီးဖြူပင်ကျေးရွာအုပ်စု ကျွန်းကလေးကျေးရွာ အမက၊ ကြူတောကျေးရွာ အမက(လွန်)၊ ရေကြည်ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာ အမက၊ ဆင်မကျွန်းကျေးရွာအုပ်စု အချင်းပြစ်တောင်ရွာ အမကကျောင်းတို့ဖြစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၃၈ ဦး၊ ဆရာ ဆရာမ ၂၀ ဖြင့် ပညာသင်ကြားလျက်ရှိကြောင်းသိရသည်။

မြစ်ရေမှာ နှစ်ပေမှ နှစ်ပေခွဲအထိ ဝင်ရောက်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစေရန်အတွက် ယာယီကျောင်းပိတ်ထားပြီး မြစ်ရေကျဆင်းမှုအပေါ် မူတည်၍ ယင်းကျောင်းပိတ်ရက်များအား ကျောင်းဖွင့်ရက်တွင် အစားထိုးတက်ရောက်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။



**စိုးမိုးသူ(စလင်း)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပြဋ္ဌာန်း

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ**
**( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကလေးသူငယ်ကို ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း သို့မဟုတ် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခုသည် အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီလျှင် ဤဥပဒေဖြင့်သာ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်ခြင်း၊
(ခ) နိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူကဖြစ်စေ၊ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသည့် နိုင်ငံခြားသားကဖြစ်စေ ကလေးသူငယ်တစ်ဦးဦးအပေါ် ပြည်ပတွင် ကျူးလွန်ခြင်း၊
(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး နိုင်ငံတော်အလံလွှင့်ထူခွင့်ရှိသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်း၊
(ဃ) ဤဥပဒေအခန်း (၁၈) ပါ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား ပြည်ပနိုင်ငံတစ်ခုခုသို့ လွှဲပြောင်းပေးပို့ခြင်း မပြုသည့်ကိစ္စ၌ ထိုသူက နိုင်ငံတော်အတွင်းရှိနေခြင်း။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။
(ဂ) **အသက်နှင့်စပ်လျဉ်းသည့် အထောက်အထား** ဆိုသည်မှာ ကလေးသူငယ်၏အသက်နှင့်စပ်လျဉ်း၍ မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့် အခြားခိုင်လုံသော အထောက်အထားစာတမ်းအမှတ်အသားတစ်ခုခုကို ဆိုသည်။
(ဃ) **ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား** ဆိုသည်မှာ ကလေးသူငယ်၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်စေသည့် ကလေးသူငယ်အခွင့်အရေးများ ရရှိခံစားခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်၏ အရေးကိစ္စများကို စီမံဆောင်ရွက်ရာတွင်လည်းကောင်း၊ ကလေးသူငယ်ဆိုင်ရာ မှုခင်းများကို စီရင်ဆုံးဖြတ်ရာတွင် လည်းကောင်း ကလေးသူငယ်၏ အကျိုးစီးပွားကို အဓိကဦးစားပေးဆောင်ရွက်ခြင်းလည်း ပါဝင်သည်။
(င) **ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်** ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စွပ်စွဲခံရသော သို့မဟုတ် တရားခံအဖြစ် တရားစွဲဆိုခြင်းခံရသော ကလေးသူငယ်ကို ဆိုသည်။
(စ) **ကလေးသူငယ်မှုခင်း** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့သောပြစ်မှုကို ဆိုသည်။
(ဆ) **ကလေးသူငယ်တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ ကလေးသူငယ်ပါဝင်သော မှုခင်းများကို စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တည်ထောင်ထားသော တရားရုံးကို ဆိုသည်။
(ဇ) **အုပ်ထိန်းသူ** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာတစ်ရပ်ရပ်အရ သော်လည်းကောင်း မိသားစုလူမှုဝတ္တရားနှင့်အညီ ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်သူကိုဆိုသည်။
(ဈ) **ပြုစုစောင့်ရှောက်သူ** ဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်အား ဤဥပဒေနှင့်အညီ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ယူသောသူကို ဆိုသည်။
(ည) **သင်တန်းကျောင်း** ဆိုသည်မှာ ဤဥပဒေအရ ပို့အပ်သည့်ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့အပါအဝင် ကလေးသူငယ်တို့၏ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် ဝန်ကြီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုသည်။
(ဋ) **ပရဟိတဂေဟာ** ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းကဖြစ်စေ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုပျိုးထောင်ရန် ဤဥပဒေအရ မိမိတို့၏အစီအစဉ်ဖြင့် တည်ထောင်ထားသော စခန်း၊ ဂေဟာ၊ ကျောင်း သို့မဟုတ် ရိပ်သာကိုဆိုသည်။
(ဌ) **ယာယီစောင့်ရှောက်ရေးဂေဟာ** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစုံစမ်းစစ်ဆေးဆဲကာလနှင့် ကလေးသူငယ်တရားရုံးတွင် စစ်ဆေးစီရင်ဆဲကာလတို့အတွင်း ယာယီထိန်းသိမ်းစောင့်ရှောက်ရန် ဤဥပဒေအရ တည်ထောင်ထားသောဂေဟာကို ဆိုသည်။
(ဍ) **အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း (Alternative Care)** ဆိုသည်မှာ အခြေအနေတစ်ရပ်ရပ်ကြောင့် မိရင်းဖရင်း ပြုစုစောင့်ရှောက်မှုဆုံးရှုံးသွားသော သို့မဟုတ် မရရှိသော ကလေးသူငယ်များအား မိရင်းဖရင်းကဲ့သို့ ပြုစုစောင့်ရှောက်မှု နည်းလမ်းတစ်ခုခုဖြင့် ပြုစုစောင့်ရှောက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆွေမျိုးသားချင်းများက ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်း၊ ယာယီပြုစုစောင့်ရှောက်ခြင်းစသည့် နည်းလမ်းများလည်းပါဝင်သည်။
(ဎ) **အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း (Diversion)** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်ကို ပြစ်ဒဏ်ချမှတ်မည့်အစား အကျင့်စာရိတ္တပြုပြင်ရေးနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်၍ ထိုကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုခြင်းမပြုမီဖြစ်စေ၊ ကလေးသူငယ်တရားရုံးတွင် အမှုစစ်ဆေးနေစဉ်ကာလအတွင်းတွင်ဖြစ်စေ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ပြောင်းလဲဆောင်ရွက်ပေးသည့် အခြားလုပ်ငန်းအစီအစဉ်များကို ဆိုသည်။
(ဏ) **မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ဆိုသည်။
(တ) **ကလေးသူငယ်ကိုရောင်းချခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ ဂိုဏ်းအုပ်စုကဖြစ်စေ ကလေးသူငယ်ကို အခြားသူအား ငွေကြေးဖြင့်ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်တစ်ခုခုအတွက်ဖြစ်စေ လွှဲပြောင်းပေးခြင်းကို ဆိုသည်။
(ထ) **ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း** ဆိုသည်မှာ ငွေကြေးဖြင့်ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်တစ်ခုခုအတွက်ဖြစ်စေ ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုခြင်းကိုဆိုသည်။
(ဒ) **ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် ရည်ရွယ်၍ တစ်စုံတစ်ယောက်က ကလေးသူငယ်ကို ကာမဆက်ဆံမှုပြုခြင်းဖြစ်စေ၊ အမှန်တကယ် ကာမဆက်ဆံမှုမပြုဘဲ ပုံသဏ္ဌာန်ပြုလုပ်ခြင်းဖြစ်စေ၊ ကာမဆက်ဆံပုံကို သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ တစ်နည်းနည်းဖြင့် ညစ်ညမ်းပုံပြုလုပ်ခြင်း၊ သတင်းမီဒီယာမှ သော်လည်းကောင်း၊ အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်များမှသော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ထုတ်ဖော်ပြသခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖြန့်ချိခြင်းကိုဆိုသည်။
(ဓ) **ခေါင်းပုံဖြတ်ခြင်း (Exploitation)** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် ကလေးသူငယ်ကို ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ အခြားတစ်နည်းနည်းဖြင့် လိင်ပိုင်းဆိုင်ရာကိစ္စ ပြုလုပ်စေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ ကလေးသူငယ်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။
(န) **အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း (Worst forms of child labour)** ဆိုရာတွင် အောက်ပါပြုလုပ်မှုတစ်ခုခု ပါဝင်သည်-
(၁) ကလေးသူငယ်ကို ရောင်းချခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကျေးပိုင်ကျွန်ပိုင်ပြုလုပ်ခြင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ လက်နက်ကိုင်ပဋိပက္ခတွင် အသုံးချရန် အဓမ္မ သို့မဟုတ် မလုပ်မနေရ စုဆောင်းခြင်းအပါအဝင် အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် မလုပ်မနေရ အလုပ်ခိုင်းစေခြင်း၊
(၂) ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေရေးအတွက်ဖြစ်စေ၊ ကလေးသူငယ် ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်းပြုရေးအတွက်ဖြစ်စေ၊ ညစ်ညမ်းပုံပြသသရုပ်ဆောင်ရေးအတွက်ဖြစ်စေ ကလေးသူငယ်ကို သွေးဆောင်ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊
(၃) မူးယစ်ဆေးဝါးထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအပါအဝင် မူးယစ်ဆေးဝါး တရားမဝင်လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ကလေးသူငယ်ကို သွေးဆောင်ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊
(၄) လုပ်ကိုင်သော အလုပ်သဘာဝနှင့် အခြေအနေများအရ ကလေးသူငယ်၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသော အလုပ်ခိုင်းစေခြင်း။
(ပ) **ခွဲခြားဆက်ဆံခြင်း** ဆိုသည်မှာ နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုး၊ အမျိုးဇာတ်၊ ဇာတိ၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာမှု၊ မသန်စွမ်းမှု၊ နိုင်ငံရေးယုံကြည်မှု သို့မဟုတ် လိင်စိတ်ခံယူမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကို ဆိုသည်။
(ဖ) **ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ခုခု ပြုလုပ်ခြင်းကို ဆိုသည်-
(၁) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော နှိမ့်ချပြုမူဆက်ဆံမှု၊
(၂) ရိုက်နှက်ပြစ်ဒဏ်ပေးမှု အပါအဝင် တစ်နည်းနည်းဖြင့် အပြစ်ပေးမှု၊
(၃) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်မှု။
(ဗ) **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် မကြာခဏ မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ အလွဲသုံးခြင်း၊ စိတ်တွင် ကြိတ်မှိတ်ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည်-
(၁) ကလေးသူငယ်ကို အကြိမ်ကြိမ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသောပြုလုပ်မှု၊
(၂) ကလေးသူငယ်ကို ကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အထီးကျန်ဖြစ်အောင် ပြုလုပ်ခြင်း၊ ဂရုမစိုက်ခြင်းတို့နှင့်ဆိုင်သည့်ပြုလုပ်မှု၊
(၃) အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် ဆိုးဝါးသောဆက်ဆံမှုကို တွေ့မြင်ခံစားရစေခြင်း၊
(၄) ကလေးသူငယ်၏ လူ့ဂုဏ်သိက္ခာကျဆင်းစေနိုင်သည့် ပုံစံဖြင့် ထိန်းသိမ်းထားရှိခြင်း၊
(၅) စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း။
(ဘ) **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်ခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည်-
(၁) ထိတွေ့ပွတ်သပ်ကိုင်တွယ်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် အတင်းအကျပ်ပြုလုပ်မှု၊
(၂) စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် အသုံးပြုခြင်း၊
(၃) အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ် ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း၊
(၄) အတင်းအကျပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**



# ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသော လူကုန်ကူးခံရသူအရေအတွက် ယခုနှစ် စံချိန်တင်မြင့်တက်

**ဗန်ကောက် ဇူလိုင် ၂၃**

ထိုင်းနိုင်ငံအတွင်း ဖမ်းဆီးရမိခဲ့သည့် လူကုန်ကူးခြင်းခံရသူ စုစုပေါင်း အရေအတွက်သည် ယခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ထိုင်းအစိုးရ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ထိုင်းရဲအရာရှိများက လူကုန်ကူးခြင်းခံရသူ ၉၇၄ ဦးအား ကယ်ဆယ်နိုင်ခဲ့သည်။ အများစုမှာ မြန်မာနိုင်ငံကဖြစ်ကြောင်း သိရသည်။ အဆိုပါ အရေအတွက်သည် ၂၀၁၉ ခုနှစ်အစပိုင်းမှ ယခုအချိန်အထိ ကယ်ဆယ်နိုင်ခဲ့သည့် အရေအတွက်ဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွင်း၌ ၆၂၂ ဦးသာရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၉၈၂ ဦးထိရှိခဲ့ကြောင်း ထိုင်းအစိုးရအဖွဲ့၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဌာနက ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ သိရသည်။

ထိုင်းနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ရေလုပ်ငန်းနှင့် လိင်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် လူကုန်ကူးမှုများအတွက် အဓိကစောင့်ကြည့်စစ်ဆေးခြင်း ခံနေရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုင်းနိုင်ငံအား ၎င်း၏ လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်စာရင်းထဲတွင် ထည့်သွင်းခဲ့သည့်အပြင် လူကုန်ကူးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အားနည်းချက်များရှိသည်ဟု ပြစ်တင်ဝေဖန်ခဲ့သည်။

လူကုန်ကူးခြင်းခံရသူအများစုမှာ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်ဟု လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ ဒုတိယအကြီးအကဲ ရဲမှူးကြီး မာနာ ကေလီဆာတာဘုတ်ရှ်က ဆိုသည်။

ထို့ပြင် မလေးရှားနိုင်ငံအတွင်းရှိ စက်ရုံများတွင် ဘတ်ငွေ ၂၀၀၀၀-၃၀၀၀၀ ခန့်ရရှိမည်ဖြစ်ကြောင်း ဆွယ်တရားဟောကာ လူများစုဆောင်းခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံနှင့်ထိစပ်လျက်ရှိသည့် ထိုင်းနယ်စပ်သို့ လူကုန်ကူးခြင်းခံရသူများအား ပို့ဆောင်စဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု ရဲမှူးကြီး မာနာ ကေလီဆာတာဘုတ်ရှ်က ဆိုသည်။

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သား ၄ ဒသမ ၉ သန်းရှိပြီး ယင်းအရေအတွက်သည် နိုင်ငံအတွင်းရှိ အလုပ်လုပ်နိုင်သည့်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း ကုလသမဂ္ဂစစ်တမ်းများအရ သိရသည်။

**ဗန်ကောက်ပို့စ်**

# ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ် ဘောရစ်ဂျွန်ဆင် ရွေးချယ်ခံရ

**လန်ဒန် ဇူလိုင် ၂၃**

ဗြိတိန်နိုင်ငံ၏အာဏာရ ကွန်ဆာဗေးတစ်ပါတီ၏ ခေါင်းဆောင်သစ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘောရစ်ဂျွန်ဆင်အား ရွေးချယ်လိုက်ကြောင်း၊ ၎င်းသည် ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။




ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးအတွက် ဗြိတိသျှပါလီမန်၌ သဘောတူညီမှုရယူရန် ကြိုးပမ်းရာ၌ မအောင်မြင်ခဲ့သည့်အတွက် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့သည့် လက်ရှိဝန်ကြီးချုပ် ထရီဆာမေ၏ အရိုက်အရာကို ဘောရစ်ဂျွန်ဆင်က ဆက်ခံရမည်ဖြစ်သည်။

ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်အဖြစ် ယှဉ်ပြိုင်ရာတွင် ဘောရစ်ဂျွန်ဆင်က နိုင်ငံခြားရေးဝန်ကြီး ဂျရီမီဟန့်အား အနိုင်ရရှိခဲ့ကြောင်း ယင်းပါတီက ဇူလိုင် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဘောရစ်ဂျွန်ဆင်သည် ဇူလိုင် ၂၄ ရက်တွင် ထရီဆာမေထံမှ ဝန်ကြီးချုပ်တာဝန်ကို လွှဲပြောင်းထမ်းဆောင်မည်ဖြစ်သည်။

ဘောရစ်ဂျွန်ဆင်သည် ဘရိဇစ် အရေးကြောင့် ကွန်ဆာဗေးတစ်ပါတီအတွင်း ကြီးမားသည့် သဘောထားကွဲပြားမှုကို ပြန်လည်စုစည်းမှုရှိအောင် လုပ်ဆောင်ရလိမ့်မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# နျူကလီးယားဒုံးကျည်ပစ်လွှတ်နိုင်သည့် ရေငုပ်သင်္ဘောအသစ်တစ်စင်း ပြုံယမ်းဆောက်လုပ်ပြီးစီး

**ပြုံယမ်း ဇူလိုင် ၂၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဆောက်လုပ်ပြီးစီးခဲ့သည့် ရေငုပ်သင်္ဘောအား ယနေ့ကြည့်ရှုစစ်ဆေးခဲ့ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းဌာနက သတင်းဖော်ပြသည်။

နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေးအတွက် ရေကြောင်းကာကွယ်ရေးစနစ်ကို တိုးတက်ဖွံ့ဖြိုးရန် လိုအပ်သည်ဟု ခေါင်းဆောင်ကင်ဂျုံအန်က တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

ယခု ဆောက်လုပ်ပြီးစီးခဲ့သည့် ရေငုပ်သင်္ဘောအသစ်ကို မြောက်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်တွင် တပ်ဖြန့်ထားရှိမည် ဖြစ်သည်။ သို့သော် သင်္ဘော၏ အခြေစိုက်စခန်းတည်နေရာကို ဖော်ပြခဲ့ခြင်းမရှိပေ။

ထို့ပြင် အဆိုပါ ရေငုပ်သင်္ဘောသည် နျူကလီးယားဒုံးကျည်များ ပစ်လွှတ်နိုင်သည့် စွမ်းပကားရှိကြောင်းနှင့် ၎င်းကို ဆင်ပိုဆိပ်ကမ်းမြို့တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် ကျွမ်းကျင်ပညာရှိများက ပြောကြားခဲ့သည်။







လာမည့်လအတွင်း ပြုလုပ်မည့် အမေရိကန်နှင့် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုကို ပြုံယမ်းက ရှုတ်ချခဲ့ပြီးနောက် ခေါင်းဆောင်ကင်ဂျုံအန်၏ ရေငုပ်သင်္ဘောဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရန့်နှင့် ခေါင်းဆောင်ကင်ဂျုံအန်တို့ ဇွန်လက တွေ့ဆုံခဲ့ပြီးနောက် ၎င်းတို့နှစ်ဦး၏ ဆက်ဆံရေးသည် ဆက်လက်ကောင်းမွန်လျက်ရှိသည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုများကို ပြန်လည်စတင်မည်ဟု ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသော်လည်း ယခုထိတိုင် ဆွေးနွေးပွဲကျင်းပမည့် နေ့ရက်ကို ကြေညာခြင်းမရှိသေးပေ။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာတွင် မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ကိုးဦးသေ၊ ၁၉ ဦး ဒဏ်ရာရ

**ကိုလံဘို ဇူလိုင် ၂၃**

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ဇူလိုင် ၁၈ ရက်ကတည်းက မိုးသည်းထန်စွာရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ကိုးဦး သေဆုံးခဲ့ပြီး အခြား ၁၉ ဦး ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန(ဒီအမ်စီ)က နောက်ဆုံးစာရင်းများ ထုတ်ပြန်ရာတွင် ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံအလယ်ပိုင်း ကုန်းမြင့်ဒေသရှိ နူဝါရာအယ်လီရာတွင် သုံးဦး သေဆုံးခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့ပြီး နိုင်ငံတောင်ပိုင်းရှိ ဟမ်ဘမ်တိုတာတွင် သုံးဦး၊ အလယ်ပိုင်း ကန္ဒီကုန်းမြင့်ဒေသ၌ တစ်ဦးနှင့် တောင်ပိုင်းဒေသရှိ ဂါလေးပြည်နယ်၌ နှစ်ဦးသေဆုံးခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

နိုင်ငံအတွင်းရှိ ဒေသအချို့တွင် မြေပြိုမှုဖြစ်ပွားနိုင်သည့် သတိပေးချက်များထုတ်ပြန်ထားပြီး လူပေါင်း ၁၄၀၀၀ ကျော်ခန့်မှာ ဆိုးရွားသည့် ရာသီဥတုအခြေအနေ သက်ရောက်နိုင်သည်ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့က ဇူလိုင် ၂၃ ရက်၌ သတိပေးချက် ထုတ်ပြန်ထားသည်။

လေပြင်းများတိုက်ခတ်နေ၍ သီရိလင်္ကာ ရေလုပ်သားများအနေဖြင့် ပင်လယ်ပြင်အတွင်းသို့ ငါးဖမ်းမထွက်ကြရန် သတိပေးချက်ထုတ်ပြန်ထားပြီး ရေလုပ်သား ၅၀၀ ကျော်ကို ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာများသို့ ရွှေ့ပြောင်းပေးထားရသည်။



လေပြင်းတိုက်ခတ်မှုများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများသည် ဇူလိုင် ၂၃ ရက်မှစ၍ တဖြည်းဖြည်း ချင်းလျော့ကျသွားဖွယ်ရှိကြောင်း မိုးလေဝသဌာနက နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသော်လည်း နိုင်ငံ၏နယ်မြေဒေသအချို့၌ မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်မည်ဟု မျှော်လင့်ရကြောင်း ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

# အာဖဂန်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါကစ္စတန် ပါဝင်သည့် အခန်းကဏ္ဍကို ဒေါ်နယ်ထရန့် ချီးကျူး



**ဝါရှင်တန် ဇူလိုင် ၂၃**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ရှေ့ဆက်လုပ်ဆောင်ရာ၌ ပါကစ္စတန်နိုင်ငံ၏ အကူအညီပေးမှုကို ဂုဏ်ပြုခဲ့ပြီး ၁၈ နှစ်ကြာစစ်ပွဲအဆုံးသတ်သွားစေရန် တာလီဘန်အဖွဲ့နှင့် သဘောတူညီမှုတစ်ခုရရှိရေး အမေရိကန်နိုင်ငံက ကြိုးပမ်းနေကြောင်း ပြောကြားလိုက်သည်။

**ပံ့ပိုးပေး**

ပါကစ္စတန်ဝန်ကြီးချုပ် အမ်မရန်ခန်းနှင့် အိမ်ဖြူတော်ရှိ ဘဲဥပုံခန်းမ၌တွေ့ဆုံရာတွင် ဒေါ်နယ်ထရန့်က အာဖဂန်နစ္စတန်ပဋိပက္ခကို တပ်ဖွဲ့အင်အားအသုံးပြု၍ ရက်အနည်းငယ်အတွင်း အဆုံးသတ်နိုင်ကြောင်း သတိပေးခဲ့သည်။ ပါကစ္စတန်နိုင်ငံမှာ ၁၉၉၀ ပြည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံ၌ စတင်အာဏာရရှိလာခဲ့သည့် တာလီဘန်အဖွဲ့ကို အဓိက ပံ့ပိုးပေးသည့်နိုင်ငံဖြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က ရာထူးမှဖြုတ်ချပြီး နောက်ပိုင်းအစိုးရအပေါ် ပုန်ကန်မှုလုပ်ဆောင်ခဲ့သည့် တာလီဘန်အဖွဲ့အပေါ် ပါကစ္စတန်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုက သမ္မတ အက်ရှ်ရတ်ဂါနီ၏ အာဖဂန်အစိုးရနှင့် နိုင်ငံရေးဖြေရှင်းမှုပြုလုပ်ရာတွင် အရေးကြီးသည်ဟု ရှုမြင်ထားသည်။ "ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေအတွင်း ကျွန်တော်တို့ တိုးတက်မှုတွေ လုပ်ဆောင်နိုင်ခဲ့ပြီး ပါကစ္စတန်နိုင်ငံက ဒီလိုတိုးတက်မှုတွေရရှိဖို့ ကျွန်တော်တို့ကို ကူညီခဲ့ပါတယ်"ဟု ဒေါ်နယ်ထရန့်က ပြောသည်။

**ကြိုးပမ်းနေ**

အမေရိကန်နိုင်ငံအတွက် "အဖြစ်အပျက်များစွာဖြစ်ပွားနေပြီး အဆွေတော်ရဲ့ဦးဆောင်မှုအောက်မှာ ပါကစ္စတန်နိုင်ငံအတွက် ကြီးမားတဲ့ အောင်မြင်မှုတွေ ရရှိမယ်လို့ထင်ပါတယ်"ဟု ၎င်းက ဆိုသည်။

အမေရိကန်နိုင်ငံသို့ ပထမဆုံးသော တရားဝင်ခရီးစဉ်သွားရောက်နေသည့် အမ်မရန်ခန်းကလည်း အာဖဂန်နစ္စတန်ပဋိပက္ခကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းမရကြောင်း ပြောကြားသည်။ အမေရိကန်နိုင်ငံက လာမည့်စက်တင်ဘာလနှောင်းပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ ကျင်းပမည့် သမ္မတရွေးကောက်ပွဲမတိုင်မီ တာလီဘန်အဖွဲ့နှင့် နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိရန် ကြိုးပမ်းနေသည်။

အာဖဂန်နစ္စတန်၌ စစ်ပွဲတစ်ပွဲဆင်နွှဲလိုပါက တစ်ပတ်အတွင်း အနိုင်တိုက်နိုင်ကြောင်း၊ သို့သော်လည်း ပြည်သူ ၁၀ သန်း သေဆုံးမည်ကို မလိုလားကြောင်း ဒေါ်နယ်ထရန့်က သတိပေးခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဝေဟင်ပိုင်နက် ကျူးကျော်သည့် ရုရှားစစ်လေယာဉ်အား တောင်ကိုရီးယား သတိပေးပစ်ခတ်

**ဆိုးလ် ဇူလိုင် ၂၃**
တောင်ကိုရီးယား၏ ဂျက်တိုက်လေယာဉ်များသည် မိမိတို့၏ဝေဟင်ပိုင်နက်အား ကျူးကျော်ဝင်ရောက်ခဲ့သည့် ရုရှားစစ်ဘက်လေယာဉ်တစ်စင်းကို သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲကာကွယ်ရေးဦးစီးချုပ်များအဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏ ဗုံးကြဲလေယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းက တောင်ကိုရီးယားနိုင်ငံ၏ အရှေ့ဘက်အကျဆုံး ဒေါ့ခ်ဒိုကျွန်းစုငယ်လေးတစ်ခုအနီးရှိ တောင်ကိုရီးယား၏ ဝေဟင်ပိုင်နက်ထဲသို့ ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။ ယခုကဲ့သို့ ရုရှားစစ်ဘက်လေယာဉ်က တောင်ကိုရီးယားပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်မှုသည် ပထမအကြိမ်ဖြစ်ကြောင်း သိရသည်။

ရုရှားဗုံးကြဲလေယာဉ်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၉ မိနစ်နှင့် ၉ နာရီ ၃၃ မိနစ်အကြားတွင် တောင်ကိုရီးယားပိုင်နက်ထဲသို့ နှစ်ကြိမ်ကျူးကျော်ဝင်ရောက်ခဲ့ပြီး သုံးမိနစ်ခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တောင်ကိုရီးယားလေတပ်သည် ၎င်း၏ F -15K နှင့် KF-16 ဂျက်တိုက်လေယာဉ်များကို အရေးပေါ်စေလွှတ်ပြီး မိမိတို့ပိုင်နက်အတွင်း ကျူးကျော်လာသည့် ရုရှားဗုံးကြဲလေယာဉ်ကို သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ဗီယက်နမ်၌ လာမည့်နှစ်များတွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှု ကြုံတွေ့နိုင်

**ဟန်ွိုင်း ဇူလိုင် ၂၃**
ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား မလုံလောက်မှုသည် ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၆ ဘီလီယံ ကီလိုဝပ်နာရီ၊ ၂၀၂၂ ခုနှစ်တွင် ၁၁ ဒသမ ၈ ဘီလီယံ ကီလိုဝပ်နာရီ ရှိလာနိုင်ပြီး ယင်းမှတစ်ဆင့် ၂၀၂၃ ခုနှစ်တွင် ၁၅ ဘီလီယံ ကီလိုဝပ်နာရီအထိ တိုးလာနိုင်ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ လျှပ်စစ်ဓာတ်အား မလုံလောက်မှုဖြစ်ရခြင်းသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ကျော်စီ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားပေးစီမံကိန်း ၄၇ ခုကို အကောင်အထည်ဖော်မှု နှေးကွေးနေခြင်းကြောင့် ဖြစ်ကြောင်း ယင်းဝန်ကြီးဌာန၏ လျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူး ပိုဝမ်ဟိုအမ်ကင်မ်၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်နယူးနေ့စဉ်သတင်းစာက ဖော်ပြသည်။

လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို ဖြစ်စေသည့် အခြားသော အကြောင်းအချက်များမှာ မျှော်မှန်းထားသည်ထက် ဓာတ်အားလိုအပ်ချက်မြင့်မားခြင်း၊ ရေအားလျှပ်စစ်ထုတ်သည့် ရေလှောင်ကန်များသို့ ရေဝင်ရောက်မှုနည်းပါးခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်အတွက် ကျောက်မီးသွေးနှင့် ဓာတ်ငွေ့မလုံလောက်ခြင်းတို့ဖြစ်ကြောင်း ပိုဝမ်ဟိုအမ်ကင်မ်က ပြောကြားသည်။ ပူပြင်းသည့်နွေကာလရှည်ကြာမှုကြောင့် ယခုနှစ်ပထမနှစ်ဝက်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း တိုးခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်အကြား လျှပ်စစ်အရင်းအမြစ်များမှ စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်မည့်ပမာဏသည် မဂ္ဂါဝပ် ၇၈၃၀၀ ခန့်ဖြစ်ပြီး နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး နောက်ဆုံးစီမံချက်တွင် မျှော်မှန်းထားသည့် ကိန်းဂဏန်းထက် မဂ္ဂါဝပ် ၁၇၅၀၀ လျော့နည်းနေသည်။ ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သူနှင့် အဓိကဖြန့်ဖြူးသူ ဗီယက်နမ်လျှပ်စစ်ဓာတ်အားကုမ္ပဏီ၏ အဆိုအရ ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းလျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၆၀၀၀၀၊ ၂၀၂၅ ခုနှစ်တွင် မဂ္ဂါဝပ် ၉၆၅၀၀ ခန့်နှင့် ၂၀၃၀ ပြည့်နှစ်တွင် မဂ္ဂါဝပ် ၁၂၉၅၀၀ လိုအပ်မည်ဖြစ်သည်။ ဤအခြေအနေကို ဖြေရှင်းရန်အတွက် ဗီယက်နမ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များမှ စုစုပေါင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏကို ၂၀၁၅ ခုနှစ်တွင် ၅၈ ဘီလီယံ ကီလိုဝပ်နာရီခန့် ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၁၀၁ ဘီလီယံ ကီလိုဝပ်နာရီ ထုတ်လုပ်ရန်၊ ထိုမှတစ်ဆင့် ၂၀၃၀ ပြည့်နှစ်တွင် ၁၈၆ ဘီလီယံ ကီလိုဝပ်နာရီ အထိ တိုးမြှင့်ထုတ်လုပ်ရန်နှင့် ယာယီဖြေရှင်းမှုအဖြစ် တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အား ဝယ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**



GUSTO COLLEGE
UNIVERSITY OF GLOUCESTERSHIRE



Call Now
09 789888222,
09 429991009
GUSTO College
No. 289(A), Pyay Road,
Sanchaung Township,
Yangon.

မြန်မာနှင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ဦးဆောင်နိုင်လိုသူများအတွက်
BA (Hons) International Business Studies

- Diploma တစ်ဆင့်ခံ Pathway Programme မဟုတ်ဘဲ Full University Programme ဖြစ်သောကြောင့် ပထမနှစ်မှ နောက်ဆုံးနှစ်ထိ စီးပွားရေးဆိုင်ရာပညာရပ်များကို University of Gloucestershire, UK မှ စနစ်တကျ ချိတ်ဆက်ရေးဆွဲပေးထားသဖြင့် စာတွေ့လက်တွေ့ အချိုးကျစွာဖြင့် အနှစ်သာရရှိရှိ လေ့လာနိုင်မည် ဖြစ်ပါသည်။
- စီးပွားရေးပညာရပ်များကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာရမည့်အပြင် စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံး၏ လည်ပတ်ပုံနှင့် အလုပ်လုပ်ပုံများကို အခြေခံမှုစ၍ နိုင်ငံတကာရှုထောင့်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ စနစ်တကျ လေ့လာရမည်ဖြစ်ပါသည်။
- နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် လူအများနှင့် ပြောဆိုဆွေးနွေးတတ်စေရန် Business English ကိုပါ Foundation ထည့်သွင်းသင်ကြားပေးပါသည်။

စီးပွားရေးပညာရှင်ဖြစ်လိုသည့် တက္ကသိုလ်ဝင်တန်း/ IGCSE အောင်မြင်ထားပြီးသူများ တက်ရောက်သင့်ပါသည်။

July 29 အတန်းစပါမည်။ ကျောင်းအပ်နိုင်ပါပြီ။

# H1N1 ရောဂါကြောင့် နိုင်ငံတစ်ဝန်း၌ သေဆုံးသူ ၆၇ ဦးအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၅၂ ဦးရှိ

**ရန်ကုန် ဇူလိုင် ၂၃**

နိုင်ငံနှင့်တစ်ဝန်းရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ဖြစ်ပွားမှုကြောင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း သေဆုံးလူနာ ၅၂ ဦးအထိရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း၌ ဇူလိုင် ၂၁ ရက်အထိ သေဆုံးလူနာ စုစုပေါင်း ၆၇ ဦးရှိခဲ့ပြီးဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ဓာတ်ခွဲအတည်ပြု ပြောကြားချက်အရ သိရသည်။

"ယခုရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ကြောင့် သေဆုံးမှုများသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲရဲ့ ဓာတ်ခွဲအတည်ပြု စာရင်းများအရ နေ့စဉ်ဖြစ်ပေါ်နေပါတယ်။ ရောဂါပိုးတွေ့ရှိသူဦးရေနဲ့ သံသယကြောင့် စစ်ဆေးခံရသူဦးရေကလည်း တိုးတက်များပြားနေပါတယ်။ သေဆုံးတဲ့သူတွေလည်းရှိနေတယ်။ အသက်အရွယ်ကြီးရင့်သူတွေ၊ အသက်ငယ်လွန်းတဲ့သူတွေ၊ ဆီးချိုရောဂါ၊ သွေးတိုး၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနဲ့ မွေးရာပါရောဂါအခံရှိသူတွေ များတယ်။ ကနဦး ရိုးရိုးတုပ်ကွေးရောဂါဖြစ်ပွားရာကနေ ကိုယ်ခံအားနည်းလို့ A(H1N1)pdm 09 အဖြစ် ပြောင်းလဲသွားတာဖြစ်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဦးစားပေးလုပ်ဆောင်ကြပါ။ အိပ်ရေးဝဝအိပ်ကြပါလို့ပဲ ပြောလိုပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ခင်ကြီးက ရန်ကုန်ဆရာဝန်များအသင်းတွင် တွေ့ဆုံစဉ် ပြောကြားသွားခြင်းဖြစ်သည်။

ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်စပ်လျဉ်း၍ အပြင်မှ ပြန်ရောက်လျှင် သော်လည်းကောင်း၊ အညစ်အကြေးကိုင်လျှင်သော်လည်းကောင်း လက်ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ခြင်း၊ အစားအသောက်မှန်မှန်စားသုံးခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ချွေးထွက်စေသောလှုပ်ရှားမှုများ နေ့စဉ် အချိန်ပိုင်းတစ်ခုမဟုတ် တစ်ခု ဆောင်ရွက်ခြင်း၊ ခြင်ကိုက်မခံခြင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အပြင်ထွက်သည့်အခါ နှာခေါင်းစည်းများ တပ်ဆင်ကာသွားလာခြင်းတို့ဖြင့် ဆောင်ရွက်သင့်ပါကြောင်းနှင့် ဂရုပြုလိုက်နာရန်လိုကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားကြောင်း သိရသည်။

ယခုအခါတွင် နိုင်ငံနှင့်တစ်ဝန်း ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 သံသယဖြင့် ဓာတ်ခွဲစစ်ဆေးသူ ၈၂၇ ဦးထိရှိလာကာ ပိုးတွေ့လူနာ ၃၄၁ ဦးရှိကာ ယခင်ထက် တိုးပွားလာနေကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပုလဲမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့တွင် တရားမဝင်သစ် ၆ တန်ခန့် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၃**



သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ သစ်တောဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါကားလမ်း ဦးနှောက်ကျေးရွာအနီး၌ နီဆန်းဒီဇယ် ၁၂ ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား ၇၂ ချောင်း (၄ ဒသမ ၆၆၀၄ တန်)နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မုံရွာ-ယင်းမာပင်ခရိုင် ဘုတလင်မြို့နယ် ဆံုကုန်းကျေးရွာအရှေ့ဘက် နေရာ၌ Hiace Toyota Super Custom ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁၅ ချောင်း (၁ ဒသမ ၂၇၉၆ တန်) ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူနှင့် ဆက်စပ်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ဆိုင်ကယ်ကြုံလိုက်စီးသူက ဆိုင်ကယ်ပိုင်ရှင်အား ရိုက်နှက်၍ ဆိုင်ကယ်နှင့်ဖုန်း လုယူ

**မြစ်ကြီးနား ဇူလိုင် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာတွင် ဇူလိုင် ၂၁ ရက်က ဆိုင်ကယ်ဖြင့် ပြန်လာသည့် ကျောင်းသားတစ်ဦးအား လမ်းကြုံလိုက်လာသူက ရိုက်နှက်၍ ဆိုင်ကယ်နှင့်ဖုန်း လုယူမှုဖြစ်ပွားခဲ့ကြောင်း တာလောကြီး နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၁ ရက် ညနေ ၃နာရီ ၁၅ မိနစ်က မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ တဘတ်ချောင်းတံတားအနီးတွင် နေထိုင်သူ မောင်ရန်နိုင်စိုးသည် ကျေးရွာအထက်တန်းကျောင်းမှ ပြန်လာရာ အမျိုးသားတစ်ဦးက လမ်းကြုံလိုက်စီးခဲ့ပြီး နေအိမ်အနီးအရောက်တွင် ၎င်းအမျိုးသားက ဦးခေါင်းကိုရိုက်နှက်၍ ဆိုင်ကယ်နှင့်လက်ကိုင်ဖုန်းအား လုယူသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်နှင့်ဖုန်းအား ရိုက်နှက်လုယူသွားသူကို ဖော်ထုတ်နိုင်ရန် တာလောကြီးနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# သုဝဏ္ဏဝတီမြို့ ဓနုကတိုက်ကျေးရွာတွင် ပျောက်ဆုံးနေသူတစ်ဦးအား ရေကန်အတွင်း သေဆုံးလျက် တွေ့ရှိ

**သုဝဏ္ဏဝတီ ဇူလိုင် ၂၃**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့အနီး ဓနုကတိုက်ကျေးရွာ၌ ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီက ရေကန်အတွင်း လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်လင်းသူအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဦးဝင်းအောင် လယ်စားရင်းငှား ကတိုက်ကလေးကျေးရွာအား လယ်ကွင်းအမှတ်(၅၄၇)အနီး အလျား ပေ ၆၀၊ အနံ ၁၈ ပေ၊ အနက် ၁၀ ပေခန့်ရှိသော ရေကန်အတွင်းတွင် ရေနစ်သေဆုံးလျက် တွေ့ရှိသည်။ ၎င်းကို စစ်ဆေးကြည့်ရာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေကြောင်း သိရသည်။

သေဆုံးသူသည် အရက်သောက်စားတတ်သူဖြစ်ကာ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက လယ်တဲမှ ထွက်သွားပြီး ပြန်မလာဘဲ ယနေ့မှ ရေကန်အတွင်း တွေ့ရှိရကြောင်း သိရသည်။ ၎င်းသေဆုံးခြင်းနှင့်ပတ်သက်၍ သိမ်ဆိပ်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ထီးချိုင့်မြို့တွင် လူသတ်မှုဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖမ်းမိ

**ထီးချိုင့် ဇူလိုင် ၂၃**

ကသာခရိုင် ထီးချိုင့်မြို့အမှတ်(၂)ပိတောက်လှရပ်ကွက်တွင် ဇူလိုင် ၂၂ ရက်က လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် ညနေ၅နာရီခန့်က ထီးချိုင့်မြို့ အမှတ်(၂) ပိတောက်လှရပ်ကွက်နေ ဖြိုးဝေမောင်(ခ)ဖိုးဖက်နှင့် ခြံချင်းကပ်လျက်နေ အောင်ကျော်သူတို့နှစ်ဦးသည် အရက်သေစာ သောက်စားမူးယစ်ပြီး စကားများရန်ဖြစ်ကြရာ အောင်ကျော်သူနှင့်ညီဖြစ်သူ ဟိန်းထက်အောင်တို့နှစ်ဦးက ဖြိုးဝေမောင်(ခ)ဖိုးဖက်အား အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဖြင့် ထိုးသွင်းခဲ့ရာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ထီးချိုင့်မြို့အမှတ်(၂) ပိတောက်လှရပ်ကွက်နေ အောင်ကျော်သူနှင့်ညီဖြစ်သူ ဟိန်းထက်အောင်တို့ နှစ်ဦးအား ထီးချိုင့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# မိုးမောက်မြို့ စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးမောက် ဇူလိုင် ၂၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုးမောက်-လွယ်ဂျယ် ကားလမ်းရှိ စိန်လုံစစ်ဆေးရေးဂိတ်တွင် ဇူလိုင် ၂၂ ရက် ညနေပိုင်းက ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသည့် တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် ညနေ ၆ နာရီခန့်က မိုးမောက်မြို့နယ် မိုးမောက်-လွယ်ဂျယ်ကားလမ်းရှိ စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိန်လုံရဲကင်းစခန်းမှူး ရဲအုပ်အောင်ဆန်းဝင်း ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ယာဉ်အဝင်/အထွက်များ စစ်ဆေးနေစဉ် မိုးမောက်မှ လွယ်ဂျယ်သို့ လွယ်ဂျယ်မြို့ ရပ်ကွက်(၈)နေ ဇော်နိုင်ဦး မောင်းနှင်ပြီး မိုးမိုးခိုင် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့နှစ်ဦးကြားရှိ အိတ်အတွင်းမှ အလေးချိန် ၁၅ ပိဿာခန့်ရှိ ကျောက်စိမ်းအရိုင်းတုံး ၂၂ တုံးကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်သူ ဇော်နိုင်ဦးနှင့် မိုးမိုးခိုင်တို့ နှစ်ဦးအား မိုးမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။


**ဝင်းနိုင်(ကချင်မြေ)**

# ရန်ကုန်-မန္တလေးကားလမ်းတွင် ငါး၊ ပုစွန်တင် ၂၂ ဘီးယာဉ် တိမ်းမှောက်

**ရေတာရှည် ဇူလိုင် ၂၃**

ရေတာရှည်မြို့တောင်ဘက်အထွက် ရွှေပြည်ကုန်းကျေးရွာအနီး ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ မိုးထက်မြင့်နိုင် မြစ်သားမြို့နေသူမောင်းနှင်လာသော ဟွန်ဒိုင်း ၂၂ ဘီး ငါး၊ ပုစွန်တင်ယာဉ်သည် မိုင်တိုင် ၁၇၄/၆ နှင့် ၇ အကြားအရောက် ရှေ့မှ မောင်းနှင်သည့် ဆိုင်ကယ်အား ရှောင်တိမ်းလိုက်စဉ် ကားလမ်းအနောက်ဘက်သို့ အရှိန်လွန်တိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်းနှင်သူတွင် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကျောက်ဆည်မြို့တွင် နေအိမ်တစ်လုံး မီးလောင်

**ကျောက်ဆည် ဇူလိုင် ၂၃**

ကျောက်ဆည်မြို့နယ် အလယ်မြင်စိုင်းကျေးရွာတွင် ယနေ့ နံနက် ၁ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အိမ်ရှင် ဒေါ်အေးသီတာသည် ထမင်းဟင်းချက်ပြီး မီးဖိုအား မီးမငြိမ်းသတ်ဘဲထားခဲ့ရာမှ ၎င်းမီးမှတစ်ဆင့် နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် သက်ငယ်မိုးထရံကာ၊ ဝါးကြမ်းခင်း၊ မြေစိုက်နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး လူနှင့်အခြား တိရစ္ဆာန်သေဆုံးထိခိုက်မှု မရှိခဲ့ကြောင်းနှင့် အိမ်ရှင်ဒေါ်အေးသီတာအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်မောင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇူလိုင် ၂၃**

ဗဟိုအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ ရက်ညနေ ၃ နာရီတွင်ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယကပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အတွင်း မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်း ၇၈၁၁ ခုရှိကြောင်း၊ ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ မတည်ရင်းနှီးငွေရရှိစေရေးအတွက် အသေးစား လုပ်ငန်းရှင် ၇၀၅ ဦးနှင့် အလတ်စား လုပ်ငန်းရှင် ၂၉ ဦးအတွက် MSME Member Card စုစုပေါင်း ၇၃၄ ခုကို ထုတ်ပေးခဲ့ကြောင်း၊ ပြည်နယ်၏ အဓိက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအများစုသည် စိုက်ပျိုးရေးလုပ်ငန်း၊ အစားအသောက်လုပ်ငန်း၊ ဆားထုတ်လုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်း၊ အအေးခန်းစက်ရုံ၊ ရေခဲစက်၊ အဝတ်အထည်လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်မည့်အခြေအနေများကို ပြောကြားကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တို့က ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော လုပ်ငန်းရှင်များက MSME လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကြုံတွေ့ရသည့် အားနည်းချက် အားသာချက်များကို ဆွေးနွေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တတိယတစ်နှစ်တာဆောင်ရွက်ချက်များ သတင်းစာရှင်းလင်း

**ထားဝယ် ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍ၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေးနှင့် ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အလေ့အထများကို အများပြည်သူတို့ စိတ်ပါဝင်စားလာစေရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နေစေရန်ရည်ရွယ်၍ မိုးရာသီကာလအတွင်း အရိပ်ရလေကာပင်သုံးသိန်းကို စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံး ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူလူထု၏အကျိုးစီးပွား တိုးတက်ရေးတို့ကို တက်ညီလက်ညီ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ဝန်ကြီးဌာနအလိုက် အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော သတင်းမီဒီယာများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သက်ဆိုင်ရာဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**တိုင်းဒေသကြီး( ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ငလိုက်ရေလှောင်တမံသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ငလိုက်ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုသည်။

ငလိုက်ရေလှောင်တမံ ရှင်းလင်းဆောင်တွင် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က နေပြည်တော်အတွင်းရှိ ရေလှောင်တမံများစာရင်း၊ ငလိုက်ရေလှောင်တမံ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ နှစ်အလိုက် မိုးရေချိန်ဝင်ထွက်မှု၊ ပုံမှန်စစ်ဆေးဆောင်ရွက်မှု အခြေအနေ၊ အရေးအပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်နှင့် နှစ်အလိုက် နွေစပါးမိုးစပါးစိုက်ပျိုးနိုင်မှု အခြေအနေတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအေးမောင်စိန်နှင့် ဦးညီထွန်းတို့က လိုအပ်သည်များမှာကြားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေလှောင်တမံနှင့် ရေပိုလွှဲတို့အားလည်းကောင်း၊ တပ်ကုန်းမြို့နယ် ဆင်သေဆည်သို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဥတ္တရခရိုင် (ပြန်/ဆက်)**





# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၇ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ဗိုလ်လုပွဲကို ဇူလိုင် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဖိုင်နယ်ဗိုလ်လုပွဲတွင် မြောက်ဥက္ကလာပ အသင်းနှင့် ခရမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရမ်းအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်း(ရန်ကုန်)နှင့် တာဝန်ရှိသူများက ပထမဆုရ ခရမ်းအသင်းအား တံခွန်စိုက်ဆုပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက ဒုတိယဆုရ မြောက်ဥက္ကလာပအသင်း၊ တတိယဆုရ သန်လျင်အသင်းနှင့် ပွဲစဉ်တစ်လျှောက် ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်းနှင့် ဂိုးသမား အကောင်းဆုံးဆုရ ကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

## တိုတိုထွာထွာဖတ်စရာ

### သုံးခွမြို့၌ ခြင်စားငါး (ဒေါင်းငါး) မျိုးအိတ်ပေးအပ်

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ (ဒုတိယအကြိမ်) ခြင်စားငါး (ဒေါင်းငါး) မျိုးအိတ်ပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ယင်းရုံးခန်း၌ ကျင်းပသည်။

သုံးခွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဝင်းက ခြင်စားငါးပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ငါးအိတ်များကိုပေးအပ်ရာ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးဝင်းနိုင်နှင့်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

### မွေးကင်းစကလေးမိခင်များအား အာဟာရထောက်ပံ့

**ဆော**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ သက်ကြီးရွယ်အို ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းနှင့် မွေးကင်းစကလေးမိခင်များအား ဖြည့်စွက်အာဟာရ ထောက်ပံ့ပေးအပ်ခြင်းကို ဇူလိုင် ၂၃ ရက် နံနက်တွင် ဆောမြို့ မြို့ပေါ်ရပ်ကွက်များ၌ ပြုလုပ်သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှခက်နှင့် အဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ အသက် ၈၀ အထက် သက်ကြီးဘိုးဘွား နှစ်ဦးတို့ထံ အိမ်တိုင်ရာရောက် ပူဇော်ကန်တော့ခြင်းနှင့် မွေးကင်းစကလေးမိခင်နှစ်ဦးတို့အား ဖြည့်စွက်အာဟာရများကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**စိန်ကျော်**

### ဇလွန်မြို့တွင် အသိပညာပေးဟောပြောပွဲကျင်းပ

**ဇလွန်**

ဇလွန်မြို့နယ်တွင် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အထကမေရီလန်း၌ ကွင်းဆင်း အသိပညာပေးဟောပြောခဲ့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ဇလွန်မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမြင့်က သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအတွက် ကာကွယ်ရမည့် နည်းလမ်းများနှင့် မူခင်းအန္တရာယ်များအကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သိန်းက စာဖတ်ရခြင်းအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခဲ့ကြပြီး မြို့နယ်အားကစားမှူး ဒေါ်သစ်သစ်ကျော်က ကျောင်းအုပ်ဆရာကြီးဦးမြင့်သန်းအား အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

**ဝေယံ (ပြန်/ဆက်)**

### လူကုန်ကူးမှုအန္တရာယ်သိကောင်းစရာ ပြည်သူ့စကားဝိုင်းကျင်းပ

**တွန်းဇံ**

လူကုန်ကူးမှုအန္တရာယ်သိကောင်းစရာ ပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲ ၂ နာရီက တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးစောလင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဦးတို့က နိုင်ငံဖြတ်ကျော်လူကုန်ကူးမှုနှင့် လူမှောင်ခို ရွှေ့ပြောင်းသွားလာမှုအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့က လူကုန်ကူးမှုဆိုင်ရာ အခြေခံသိရှိသင့်သည့် အချက်အလက်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုကိုရှုပ**

## သာကေတမိကျောင်းကန် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဇူလိုင် ၂၃**

အများပြည်သူများ စိတ်လက်အပန်းဖြေအနားယူရင်း ဗဟုသုတတိုးပွားစေရန်နှင့် မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်ထိန်းသိမ်းရန် သာကေတမိကျောင်းမွေးမြူရေးစခန်းကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မိကျောင်းမွေးမြူရေးစခန်းကို အများပြည်သူတွေ ဘေးကင်းလုံခြုံစွာ လာရောက်ကြည့်ရှုလေ့လာနိုင်ဖို့ ၂၀၁၉ ခုနှစ် နှစ်စကတည်းက ဆောင်ရွက်ခဲ့ရာမှာ ယခုအခါမှာတော့ ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပါတယ်။ နောက်လလောက်ဆိုရင်တော့ အားလုံးပြီးစီးနိုင်ပါတယ်။ အရင်က သစ်သားနဲ့လုပ်ထားတဲ့ လျှောက်လမ်းနဲ့ တံတားတွေကို ကွန်ကရစ်နဲ့ အစားထိုးဆောက်လုပ်ထားပါတယ်" ဟု သာကေတမိကျောင်းမွေးမြူရေးစခန်းမှ ဒုတိယဦးစီးမှူး ဦးကေနန်လီက ပြောသည်။

အဆိုပါ မိကျောင်းမွေးမြူရေးစခန်းသည် မူလက စီးပွားဖြစ် မိကျောင်းထုတ်လုပ်ရန် ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ သုတေသနလုပ်ငန်းနှင့် မျိုးမသုဉ်းစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းသည် သာကေတစက်မှုဇုန် နောက်ကျောတွင်တည်ရှိနေခြင်းကြောင့် လူသိနည်းပါးနေပြီး နေ့စဉ် လာရောက်လေ့လာသူဦးရေမှာ နည်းပါးနေကြောင်း၊ နေ့ကြီးအခါကြီးရက်များသာ လာရောက်သူများပြားကြောင်း၊ ကျောင်းများ၊ တက္ကသိုလ်များမှ လာရောက်သူများပြားကြောင်း သိရသည်။

ယင်းမိကျောင်းမွေးမြူရေးစခန်းကို ၁၉၇၆-၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုအခါ မိကျောင်းကောင်ရေ ၅၀၀ ကျော် မွေးမြူထားကြောင်း၊ ရေချိုရေငန်စပ်၌သာ မွေးမြူနိုင်သော မိကျောင်းခေါင်းရှည်အမျိုးအစားသည် မျိုးသုဉ်းပျောက်ကွယ်တော့မည့် သားရဲတိရစ္ဆာန်များစာရင်းတွင် ထည့်သွင်းထားကြောင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှတွင် မွေးမြူဖြစ်ထွန်းသော်လည်း မြန်မာနိုင်ငံ၌သာ ကောင်ရေအများဆုံးထိန်းသိမ်းထားကာ ကမ္ဘာလှည့်လေ့လာသူများ၊ သုတေသနပြုသူများ၊ ခရီးသွားများ အထူးအာရုံစိုက်လေ့လာလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

## လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် ဇူလိုင်၂၃**

အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို၏ စီစဉ်ညွှန်ကြားမှုဖြင့် (၄၈) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းမှုကို ဇူလိုင် ၂၂ ရက်က ဆောင်ရွက်ခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသန်းဝင်းဦးစီး၍ အမှတ် (၃/၆/၇/၈/၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင် ၁၉၃ ဦး၊ မိသားစုဝင် ကိုးဦးတို့ကလည်းကောင်း၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး မျိုးကြည်ဦးစီး၍ အမှတ်(၅/၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင် ၁၃၅ ဦးတို့ကလည်းကောင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ အမှတ် (၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးနေမျိုးသူဦးစီး၍ တပ်ဖွဲ့ဝင် ၅၀ တို့ကလည်းကောင်း၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူးမြင့်ဝင်းဦးစီး၍ တပ်ဖွဲ့ဝင် ၂၅ ဦး၊ မိသားစုဝင် ၁၅ ဦးတို့ကလည်းကောင်း စုစုပေါင်းတပ်ဖွဲ့ဝင်၊ မိသားစု ၄၂၇ ဦးတို့သည် တစ်ပြိုင်တည်း စုပေါင်း သွေးလှူဒါန်းခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဇွန်လမှစ၍ စုပေါင်းသွေးလှူဒါန်းခဲ့ရာ ယခု (၄၈) ကြိမ်မြောက်အထိ တပ်ဖွဲ့ဝင်၊ မိသားစု စုစုပေါင်း ၁၆၇၁၇ ဦး လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မောင်**

## ရှားပါးတောင်လိပ် (ခ) လိပ်ကြက်တူရွေး တစ်ကောင်အား လာရောက်အပ်နှံ



**ကျိုက်ထို ဇူလိုင် ၂၃**

ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် အောင်ချမ်းသာ (၄)လမ်းနေ ဒေါ်ခိုင်စပယ်သည် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကံ့ကော်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အမည်မသိ လိပ်တစ်ကောင်အား လာရောက်အပ်နှံရာ မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါလိပ်သည် ရှားပါးသည့်လိပ်ဖြစ်ပြီး တောင်ပေါ်ဒေသများတွင် ကျက်စားလေ့ရှိသည့်အပြင် မျိုးသုဉ်းလုနီးဖြစ်နေသည့် လိပ်မျိုးဖြစ်ကြောင်း၊ လိပ်မှာ အလျား ၁၇ လက်မ၊ ဖြက် ငါးလက်မ၊ အလေးချိန် ၅၀ ကျပ်သား ကျော်ရှိ၍ လိပ်ခန္ဓာကိုယ်၊ ကြက်တူရွေးပါးစပ်၊ မိကျောင်းအမြီးကဲ့သို့ အင်္ဂါသုံးမျိုးပါရှိသည့် လိပ်ကြက်တူရွေးဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်းအတွင်းတွင် ဆက်လက်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း တောအုပ်ဦးဇော်ထွန်းက ပြောကြားသည်။

အဆိုပါလိပ်ကို ဇူလိုင် ၂၁ ရက် ညနေ ၆ နာရီခန့်တွင် ၎င်းနေအိမ်ခြံစည်းရိုး၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ဒစ်ဂျစ်တယ် ပုံနှိပ်ထုတ်ဝေသည့် စက်ပစ္စည်းများပြပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၃**

ဒစ်ဂျစ်တယ်ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းအပါအဝင် နောက်ဆုံးပေါ် ထုပ်ပိုးမှုနည်းပညာ၊ စက်ပစ္စည်းများနှင့်ပတ်သက်၍ စိတ်ဝင်စားသူများ၊ ပုံနှိပ်လုပ်ငန်းလုပ်ကိုင်နေသူများ၊ လုပ်ငန်းစတင်လုပ်ကိုင်ရန် စဉ်းစားနေသူများအတွက် THAI-MYANMAR BUSINESS MATCHING ON PRINTING & PACKAGING INNOVATION 2019 ပြပွဲကို ရန်ကုန်မြို့ရှိ Novotel Hotel ၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ၌ ထိုင်းနိုင်ငံမှ နာမည်ရထိပ်တန်းဒစ်ဂျစ်တယ်ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းအပါအဝင် ထုတ်ကုန်ထုပ်ပိုးမှုလုပ်ငန်း၊ နောက်ဆုံးပေါ်နည်းပညာစက်ပစ္စည်းများ ဖြန့်ဝေခြင်းလုပ်ငန်းများကို ထိုင်းနိုင်ငံရှိ ကုမ္ပဏီပေါင်း ၂၂ ခု ပါဝင်ပြသကြမည်ဖြစ်သည်။

**ပွင့်သစ္စာ**

## အမရပူရမြို့နယ် ရေဘေးသင့်ပြည်သူများအား မြစ်ငယ်နယ်မြေရဲစခန်းမှ ထမင်းဘူးနှင့် သောက်ရေသန့်ဘူးများ လှူဒါန်း

**မြစ်ငယ် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘနောကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား မြစ်ငယ်နယ်မြေရဲစခန်းက ထမင်းဘူးနှင့် သောက်ရေသန့်ဘူးများကို ဇူလိုင် ၂၃ ရက်က သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အမရပူရမြို့နယ် ရေဘေးသင့်ကျေးရွာများဖြစ်သော ဘနောကျေးရွာမှ ရေဘေးသင့်ပြည်သူ ၁၃၈ ဦး၊ မြစ်တူးကျေးရွာအုပ်စုနှင့် ဆင်ရွာမြင်းမှူးကျေးရွာအုပ်စုတို့မှ ရေဘေးသင့်ပြည်သူ ၁၈၀၊ ကြည့်မြင်တိုင်ကျေးရွာအုပ်စုမှ ရေဘေးသင့်ပြည်သူ ၆၈၂ ဦးတို့အား အမရပူရမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်နိုင်၊ မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ်မိုးခိုင်နှင့် တပ်ဖွဲ့ဝင်မိသားစုများက ထမင်းဘူး ၁၀၀၀ နှင့် သောက်ရေသန့်ဘူး ၁၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## သထုံမြို့နယ်၌ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဆင်း

**သထုံ ဇူလိုင် ၂၃**
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှု နည်းပညာသင်တန်းကို သထုံမြို့နယ်အတွင်းရှိ နောင်ကုလားရှမ်းရွာနှင့် လေသာကုန်းကျေးရွာမှ သင်တန်းသား ၂၅ ဦးအား နောင်ကုလားရှမ်းရွာ ဘုန်းကြီးကျောင်းတွင် ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်အထိ ၁၄ ရက်ကြာ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် အခြေခံလျှပ်စစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပုံအဆင့်ဆင့်၊ လျှပ်စစ်တိုင်းတာရေးမီတာများအကြောင်း၊ လျှပ်စစ်ဝါယာနှင့် ကေဘယ်လ်ကြိုးများအကြောင်း၊ အိမ်တွင်းလျှပ်စစ် တွက်ချက်သွယ်တန်းပုံ အဆင့်ဆင့်နှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးစသော သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင်ကြားပြသခဲ့သည်။



အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းဆင်းပွဲသို့ သထုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၊ နောင်ကုလားရှမ်းရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## ယူနန်နေ့စဉ်သတင်းစာတိုက်တွင် သတင်းစာဆရာမွမ်းမံသင်တန်း ကျင်းပ



**ကူမင်း ဇူလိုင် ၂၃**
Yunnan Daily Press Group ၏ အစီအစဉ်ဖြင့် တတိယအကြိမ် မဲခေါင်-လန်ချန်းမြစ်ဝှမ်းဒေသခွဲနိုင်ငံများ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာ မွမ်းမံသင်တန်းကို ယူနန်ပြည်နယ် ကူမင်းမြို့ရှိယူနန် နေ့စဉ်သတင်းစာတိုက်တွင် ဇူလိုင် ၂၂ ရက် နံနက်ပိုင်း က ကျင်းပသည်။

Yunnan Daily Press Group မှ အယ်ဒီတာချုပ် H.E. Mr. Yang Run က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ယူနန်နေ့စဉ်သတင်းဌာန၏ မဲခေါင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြန်မာ၊ လာအို၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ သတင်းစာဆရာ ၁၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**စုဝဏ္ဏ၊ စုရည်**

## တိုတိုထွာထွာဖတ်စရာ

### ရေဘေးသင့်သူများအား ဝိုင်းဝန်းကူညီဖေးမပေး

**ကသာ**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဧရာဝတီမြစ်ရေတိုးလာသဖြင့် မြစ်ကမ်းဘေးရှိ အချို့ကျေးရွာများတွင် ရေလွှမ်းမိုးမှုခံခဲ့ရသဖြင့် ရေလွတ်နေရာများသို့ ရွှေ့ပြောင်းနေကြရသည်။

ယခုအချိန်အခါတွင် မြစ်ရေကျဆင်းသွားသော်လည်း သွားလာရေး၊ နေထိုင်ရေး အခက်တွေ့နေရဆဲဖြစ်သဖြင့် ရေလွတ်ရာဘုန်းတော်ကြီးကျောင်းများတွင် ရေဘေးသင့်ပြည်သူများ နေထိုင်နေရသေးကြောင်း သိရသည်။

ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဒုလဝကမှူး ဦးမျိုးဇော်သက် ဦးဆောင်၍ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ခဲ့ရသော ရေလယ်ကျွန်းကျေးရွာမှ အိမ်ထောင်စု ၃၇ စုအတွက် အိမ်ထောင်စုပုံစံ (၁၀) များကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံတို့ထံ လက်ဝယ်ပေးအပ်ခဲ့ကြသည်။

ကသာမြို့ မဟာလေးထပ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၄၈၁ ဦးတို့အတွက် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ကသာမြို့ ခြေမြန်တပ်ရင်းမိသားစုမှ ထမင်းဘူးနှင့် ရေသန့်ဘူးများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)၊ နိုင်လင်းထက် (ပြန်/ဆက်)**

### ထန်းလက်မှုပစ္စည်းများ အသုံးများ၍ ဒေသခံများဝင်ငွေရ

**ရေနံချောင်း**
ရေနံချောင်းမြို့နယ်တွင် ထန်းသား၊ ထန်းလက်၊ ထန်းလျှော်များကို လက်မှုပစ္စည်းအဖြစ် ကုလားထိုင်၊ စားပွဲ၊ လက်ဆွဲခြင်း၊ တောင်းအမျိုးမျိုး လုပ်ကိုင်ရောင်းချရာ လူသုံးများသောကြောင့် ဒေသခံများဝင်ငွေရနေကြသည်။

နေပြည်တော်၊ မန္တလေး၊ ရန်ကုန်အထိ ပို့ရကြောင်း ရေနံချောင်းမြို့နယ်မှ ထန်းလက်ကုလားထိုင် ရောင်းသူတစ်ဦးက ပြောသည်။ ထန်းလက်ကုလားထိုင်တစ်လုံး ကျပ် ၄၀၀၀ မှ ကျပ် ၅၅၀၀၊ လက်ဆွဲခြင်းတစ်လုံး ကျပ် ၅၀၀၀၊ တန်းလျားများမှာ အကြမ်းနှင့် အချော၊ အရွယ်အစားပေါ်မူတည်ပြီး ဈေးအမျိုးမျိုးရှိကြောင်း သိရသည်။

**ဆန်းညွန့်**

## သထုံစိုက်ပျိုးရေးသိပ္ပံတွင် အသိပညာပေးဟောပြောပွဲကျင်းပ

**သထုံ ဇူလိုင် ၂၃**
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မူခင်းပညာပေးဟောပြောပွဲကို သထုံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ သထုံခရိုင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းနှင့် သထုံဘူတာ ရဲထားရဲတပ်စုမှူး ရဲအုပ်မြတ်ထွေးတို့က ပညာပေးဟောပြောခဲ့သည်။

**နန္ဒကျော်စွာ**



## ဧရာဝတီမြစ်ကမ်းပါးပြိုကျ၍ ပြောင်းရွှေ့ရသူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**ပွင့်ဖြူ ဇူလိုင် ၂၃**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြင်းခြံစုကျေးရွာ၊ ထူးကျေးရွာ၊ ဘီးဇပ်ခုံကျေးရွာ၊ သိမ်ကုန်းကျေးရွာတို့တွင် ဇူလိုင် ၂၂ ရက်က ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၃၅ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ရမှုအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့်အချိန်အခါမရွေး ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လူနေအိမ် ၃၅ လုံးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၈၁၀၈၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးစီအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ကာယဗလမောင်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**တာချီလိတ် ဇူလိုင် ၂၃**
ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန၊ BP Fitness ၊ Johnny Fitness Center၊ မိုးသောက်ကြယ်မိသားစု၊ Keng Tong Fitness Center၊ Fitness & Gym တို့ကကြီးမှူးကျင်းပသည့် ပထမအကြိမ်လူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် ညနေပိုင်းက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

တာချီလိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုကို ကျိုင်းတုံ FitnessCenter မှ ဝေအောင်ဖြိုး၊ ဒုတိယဆုကို BP Fitness မှ မြတ်ကို၊ တတိယဆုကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှအောင်လတို့ကဆုတံဆိပ်များ အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး အစည်းအဝေးကျင်းပ

**ပုသိမ် ဇူလိုင် ၂၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/ ၂၀၁၉)ကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမျိုးအောင်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများသာမက မီဒီယာမိတ်ဖက်အဖွဲ့အစည်းများ၊ CSO များ၊ NGO များ၊ INGO များအပြင် အခြားပလက်ဖောင်းအသစ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီဝင်များက ရှေ့ဆက်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ကြကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



ဇူလိုင် ၂၂ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲတွင် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ကျော်မိုး ရှင်းလင်းပြောကြားစဉ်။ **ဟန်စိုး**

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများကို ခေတ်စနစ်နှင့် ဆီလျော်မှုရှိစေရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# ပြည်သူ့အကျိုးအတွက် ပြည့်စုံမှုတကောင်းမွန်သော ဥပဒေများ ပေါ်ထွန်းလာစေရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရှင်မင်း၊ ဓာတ်ပုံ-ထိန်နန်နေ



ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ
ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း




ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ
အတွင်းရေးမှူး ဦးကျော်စိုးလင်း

ပြည်သူ့မျက်နှာကိုရှေးရှုပြီး ပြည်သူ့အကျိုးအတွက် ပိုမိုပြည့်စုံမှုတကောင်းမွန်သော ဥပဒေများ ပေါ်ထွန်းလာစေရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ခေတ်စနစ်နှင့် ဆီလျော်မှုရှိစေရေး**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဖော်ဆောင်ပေးသော အစိုးရ၏ မူဝါဒနှင့်ကိုက်ညီသည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများကို ခေတ်စနစ်နှင့် ဆီလျော်မှုရှိစေရေးအတွက် ရည်မှန်းဆောင်ရွက်နေသည်။

"ဥပဒေကြမ်းတွေ ပြုစုတာ ကြာလိုက်တာဆိုပြီး ပြောကြတာရှိပါတယ်။ ဥပဒေ ပြုတယ်ဆိုတာ နိုင်ငံနဲ့ ပြည်သူအားလုံးအတွက် အကျိုးရှိအောင်၊ အကာအကွယ်ဖြစ်အောင် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သေချာစိစစ်ရပါတယ်။ ဆွေးနွေးရုံတင်မဟုတ်ဘူး။ လက်တွေ့ကွင်းဆင်းပြီး သေချာစိစစ်ရတာတွေလည်း ရှိပါတယ်။ ဒီလို ဆွေးနွေးရာမှာလည်း ပြည်သူတွေအမြင်၊ ကဏ္ဍပေါင်းစုံက သူတွေရဲ့အမြင်အားလုံးပါဝင်အောင် ဆွေးနွေးကြရတာဖြစ်ပါတယ်" ဟု **ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း**က ပြောကြားသည်။

**အားထုတ်ကြိုးပမ်း**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှုအမျိုးမျိုးကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများမထားဘဲ မျှတသော ဥပဒေ၊ အကျိုးဖြစ်ထွန်းသောဥပဒေများ ပေါ်ပေါက်ရေး အားထုတ်ကြိုးပမ်းလျက်ရှိသည်။

**ဥပဒေကြမ်းတွေ ပြုစုတာ ကြာလိုက်တာဆိုပြီး ပြောကြတာရှိပါတယ်။ ဥပဒေ ပြုတယ်ဆိုတာ နိုင်ငံနဲ့ ပြည်သူအားလုံးအတွက် အကျိုးရှိအောင်၊ အကာအကွယ်ဖြစ်အောင် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သေချာစိစစ်ရပါတယ်။ ဆွေးနွေးရုံတင် မဟုတ်ဘူး။ လက်တွေ့ကွင်းဆင်းပြီး သေချာ စိစစ်ရတာတွေလည်း ရှိပါတယ်။ ဒီလို ဆွေးနွေးရာမှာလည်း ပြည်သူတွေအမြင်၊ ကဏ္ဍပေါင်းစုံက သူတွေရဲ့အမြင်အားလုံး ပါဝင်အောင် ဆွေးနွေးကြရတာဖြစ်**

"ဥပဒေကြမ်း ရေးဆွဲတဲ့အခါ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲတွေ မထားဘဲ မျှတအောင် ရေးဆွဲရတာပါ။ တစ်ခါတလေ ပြည်သူတွေအတွက် အကျိုးရှိစေမယ့် ဥပဒေကြမ်းတွေ ရေးဆွဲတဲ့အခါ ပြည်သူ့အတွက် ရှေးရှုပြီး အမြင်တချို့ကို လျစ်လျူရှုရပါတယ်" ဟု **ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း**က ပြောသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (က) အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

**ဥပဒေကြမ်း(၁၄) ခုရှိ**

"ဥပဒေကြမ်းကော်မတီမှာ ဆောင်ရွက်ဆဲ ဥပဒေကြမ်း ၁၄ ခုရှိပါတယ်။ ဒီဥပဒေကြမ်းတွေကတော့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း၊ မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ဥပဒေကြမ်း၊ မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီဥပဒေကြမ်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း၊ အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေချိုငါးလုပ်ငန်းဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းတွေ ဖြစ်ပါတယ်"ဟု **ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း**က ပြောကြားသည်။

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှဆောင်ရွက်ဆဲ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆွေးနွေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကာ ကော်မတီတွင် ညှိနှိုင်းအစည်းအဝေးများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ သိရသည်။

ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ရကြောင်း သိရသည်။

**အကျိုးစီးပွားကိုအလေးထား**

"ဒီ အခြေခံမူ ၁၂ ချက်က ဘာတွေလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ- မရှိ၊နိုင်ငံတော်က ချမှတ်ထားသောမူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ-မရှိ၊နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုအလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်းရှိ-မရှိ၊ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့် အချက်များပါဝင်ခြင်းရှိ-မရှိ၊ နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ-မရှိ၊ အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ- မရှိ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်း ရှိ-မရှိ ဆိုတဲ့အချက်တွေနဲ့အညီ စိစစ်ရပါတယ်။

"ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ-မရှိ၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာသို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ-မရှိ နှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုထိပါးခြင်းရှိ-မရှိ၊ သက်ဆိုင်ရာဥပဒေကြမ်းနှင့်သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ-မရှိ၊ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ -မရှိ ၊ ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များပြည့်စုံစွာပါရှိခြင်း ရှိ - မရှိ ဆိုတဲ့ အချက်တွေကိုလည်း စိစစ်ရပါတယ်" ဟု **ကော်မတီဥက္ကဋ္ဌ** က ပြောကြားသည်။

**တင်သွင်းခွင့်ရှိ**

ကော်မတီ၏ ဥပဒေပြုလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ **အတွင်းရေးမှူး ဦးကျော်စိုးလင်း**က "ဥပဒေကြမ်းတစ်ခုကို တင်သွင်းတဲ့နေရာမှာ ဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုရဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်တစ်ဦးက တင်သွင်းခွင့်ရှိပါတယ်။ လွှတ်တော်ကော်မတီများကလည်း တင်သွင်းခွင့်ရှိပါတယ်။ ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီကလည်း ဥပဒေကြမ်းကို တင်သွင်းခွင့်ရှိပါတယ်။

"ကျွန်တော်တို့ ကော်မတီအနေနဲ့ ဥပဒေကြမ်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရာမှာ ဝန်ကြီးဌာနက ဥပဒေကြမ်း တင်သွင်းလာပြီဆိုရင် ပြည်ထောင်စု လွှတ်တော်နာယကဆီကို လိပ်မူပြီး ပေးပို့ရပါတယ်။ ပြည်ထောင်စု လွှတ်တော်နာယကကနေ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကို ခွဲဝေပေးပါတယ်။ တကယ်လို့ ပြည်သူ့လွှတ်တော်မှာ ဥပဒေကြမ်းတွေ များနေရင် အမျိုးသားလွှတ်တော်ကို ခွဲဝေပေးပါတယ်။ အလားတူပဲ အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းတွေ များနေရင်လည်း ပြည်သူ့လွှတ်တော်ကို ခွဲဝေပေးပါတယ်။ ဒီလိုခွဲဝေပေးပြီးတော့ စတင်ဆွေးနွေးစေပါတယ်။ ဒီလို ဆွေးနွေးတဲ့အခါ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်တာပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာကော်မတီက တင်တာပဲဖြစ်ဖြစ် ပြည်သူ့လွှတ်တော်ကို ရောက်ရှိလာတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကို အစီရင်ခံစာ တင်သွင်းနိုင်ဖို့ ဥပဒေကြမ်းကော်မတီမှာ အစည်းအဝေးစတင်လုပ်ပြီးတော့ ပထမဆုံး ဆွေးနွေးကြပါတယ်။ မဲခွဲဆုံးဖြတ်စရာမလိုဘဲ ဒါက ဆွေးနွေးလို့ရတယ်။

**မဲခွဲဆုံးဖြတ်**

"တကယ်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥပဒေကြမ်းတစ်ခုကို တင်သွင်းတယ်ဆိုရင်တော့ တခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးရပါတယ်။ ဒီလိုဆွေးနွေးတဲ့အပေါ်မှာ လွှတ်တော်က လက်ခံလျှင်သော်လည်းကောင်း၊ ကန့်ကွက်မှုရှိရင် လွှတ်တော်မှာ မဲခွဲဆုံးဖြတ်ပြီးတော့ ထောက်ခံမဲ ၅၀ ရာခိုင်နှုန်း ကျော်တယ်ဆိုလျှင်သော်လည်းကောင်း အဲဒီဥပဒေကြမ်းကိုလွှတ်တော်မှာ စတင်ဆွေးနွေးခွင့်ရှိပါတယ်။

"ဒီလိုဆွေးနွေးတဲ့အခါမှာ ပြည်သူ့လွှတ်တော်က စတင်ဆွေးနွေးတယ်ဆိုရင် အစီရင်ခံစာ တင်ဖို့အတွက် ဥပဒေကြမ်းကော်မတီမှာ

စာမျက်နှာ ၁၉ သို့ ✳

✻ စာမျက်နှာ ၁၈ မှ

စတင်ဆွေးနွေးကြပါတယ်။ အစီရင်ခံစာတင်တဲ့နေ့မှာ လွှတ်တော်ကိုယ်စားလှယ်က တင်သည်ဖြစ်စေ၊ ကော်မတီက တင်သည်ဖြစ်စေ၊ ဝန်ကြီးဌာနက တင်သည်ဖြစ်စေ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း အစီရင်ခံစာတင်ရပါတယ်။ ဒီနှစ်ခုကို ယှဉ်တွဲပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြင်ဆင်ချက်တွေရှိရင် အမည်စာရင်းပေးပြီး ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး လွှတ်တော်မှာ တင်သွင်းအတည်ပြုပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဒီလို အတည်ပြုဆွေးနွေးပြီးသွားရင် အမျိုးသားလွှတ်တော်ကို ပေးပို့ပါတယ်။

**တိုက်ရိုက်ပို့ခွင့်ရှိ**

"အမျိုးသားလွှတ်တော်မှာလည်း ကျွန်တော်တို့ ဆွေးနွေးတဲ့ လုပ်ငန်းစဉ်တွေအတိုင်း ဆွေးနွေးပါတယ်။ ဒီလိုဆွေးနွေးရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ ဆွေးနွေးချက်က ကွဲလွဲမှုမရှိရင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ပြီးတော့ ဆွေးနွေးစရာမလိုတော့ဘဲ နိုင်ငံတော်သမ္မတထံ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယကက တိုက်ရိုက်ပို့ခွင့်ရှိပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဆွေးနွေးချက်က ကွဲလွဲမှုရှိရင်တော့ ပြည်ထောင်စုလွှတ်တော်မှာ ထပ်ပြီး ဆွေးနွေးရပါတယ်။

**နိုင်ငံတော်သမ္မတထံ ပို့ရ**

"ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေကြမ်းပူးပေါင်းကော်မတီရှိပါတယ်။ ဒီကော်မတီမှာ ပြည်သူ့လွှတ်တော်က ခုနစ်ဦး၊ အမျိုးသားလွှတ်တော်က ခုနစ်ဦးနဲ့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ လုပ်ငန်းစဉ်ကတော့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့ အတိုင်းပါပဲ။ လွှတ်တော်ကို အစီရင်ခံစာတင်ရပါတယ်။ လွှတ်တော်မှာ ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးပြီးသွားရင် နိုင်ငံတော်သမ္မတထံ ပို့ရပါတယ်" ဟု ပြောပြသည်။



ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များ ဆွေးနွေးပွဲ ကျင်းပစဉ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး အတည်ပြုနိုင်သည့် ဥပဒေကြမ်း ၇၆ ခု၊ အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် အတည်ပြုနိုင်သည့် ဥပဒေကြမ်း ၄၆ ခု စုစုပေါင်း ၁၂၂ ခုရှိကြောင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သိရသည်။

အမျိုးသားလွှတ်တော်က စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတို့ကို ကော်မတီမှ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

# ပြည်သူ့စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များတွင် ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် စာရေးဆရာပြည်သာယာရေးသားသော "နိုင်ငံဘဏ္ဍာကို ခြိမ်းခြောက်နေသည့် အခွန်နှင့် အခြားဆောင်းပါးများ" စာအုပ် ၄၁၇ အုပ်ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်သို့ လာရောက်လှူဒါန်းသည်။

စာအုပ်လှူဒါန်းသူ ဦးညွန့်တင် (စာရေးဆရာပြည်သာယာ)က "နိုင်ငံဘဏ္ဍာကို ခြိမ်းခြောက်နေသည့် အခွန်နှင့် အခြားဆောင်းပါးများ" စာအုပ်တွင် အခွန်နှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်နိုင်ရန် ဆောင်းပါး ၂၁ ပုဒ်ကို စုစည်း၍ စာအုပ် ၁၀၀၀ ထုတ်ဝေခြင်း ဖြစ်ပါကြောင်း၊ ၎င်းစာအုပ်များကို ရောင်းချခြင်းမရှိဘဲ ပြည်သူများ အခွန်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ ပြည်သူ့စာကြည့်တိုက်များသို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိရေးအတွက် ပြည်သူ့စာကြည့်တိုက်များကို နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ခရိုင်/ မြို့နယ်နှင့် မြို့ရုံး စုစုပေါင်း ၄၁၇ ရုံးတွင် ဖွင့်လှစ်ထားပါကြောင်း၊ စာဖတ်သူများ ကြိုက်နှစ်သက်မည့် သုတ၊ ရသ စာအုပ်စာစောင်များကို လစဉ်စိစစ်ရွေးချယ်ဝယ်ယူပြီး စာကြည့်တိုက်များသို့ ဖြန့်ခွဲပေးပို့ကာ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းသည့် စာအုပ်စာစောင်များကိုလည်း ပြည်သူ့စာကြည့်တိုက်များသို့ အမြန်ဆုံး ဖြန့်ဝေပေးပို့သွားမည်ဖြစ်ပါကြောင်းနှင့် စာအုပ်များ လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ ဦးညွန့်တင် (စာရေးဆရာပြည်သာယာ)က စာအုပ် ၄၁၇ အုပ်ကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်

**ရန်ကုန် ဇူလိုင် ၂၃**

ပြည်သူလူထုအကျိုးရှိစေမည့် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် စာပေဗိမာန်ရုံး အဆောက်အအုံ၌ ၁၉၅၆ ခုနှစ် မတ် ၁၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

**အသိပညာ တိုးပွားစေရန်**

"အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော ဆောင်ပုဒ်သည် စာပေဗိမာန်၏ ဆောင်ပုဒ်ဖြစ်သည်။ ထိုဆောင်ပုဒ်အတိုင်း ပြည်သူပြည်သားများ အသိပညာ တိုးပွားစေရန်နှင့် မြန်မာစာပေ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အထောက်အကူဖြစ်စေရန် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်လျက်ရှိသည်။

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်၏ ရည်ရွယ်ချက်မှာ ပြည်သူတို့ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်အလေ့အကျင့် တိုးပွားစေရန်လည်းကောင်း၊ အတွေးအခေါ်ရင့်သန်လာ၍ ဉာဏ်အမြော်အမြင် ကြီးမားလာစေရန်လည်းကောင်း၊ ပြည်သူ ပြည်သားကောင်းများ ပေါ်ထွက်လာစေရန်လည်းကောင်း ရည်ရွယ်လျက် ပြည်သူ့စာကြည့်တိုက်နှင့်အညီ သုတရသစာအုပ်မျိုးစုံကို စုဆောင်းထိန်းသိမ်းပြီး ဝန်ဆောင်မှုပေးလျက်ရှိသည်။



သုတရသမြန်မာစာအုပ် စုစုပေါင်း ၆၁၆၈၄ အုပ်၊ အင်္ဂလိပ်စာအုပ် ၂၃၀၆၆ အုပ်တို့၏ ဒေတာကက်တလောက်များကို Electronic Library Management System ဖြင့် ချိတ်ဆက်ထည့်သွင်းထားသည်။ ထို့အပြင် ပညာရပ်ဆိုင်ရာ e-book စာအုပ် ၂၀၀၀၀ ကျော်ကိုလည်း Local Network ချိတ်ဆက်ထားသဖြင့် စာကြည့်တိုက်အတွင်း ဖတ်ရှုနိုင်စေရန်နှင့် အင်တာနက် wifi အခမဲ့အသုံးပြုခွင့်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။ စာနယ်ဇင်းမျိုးစုံနှင့် နေ့စဉ်သတင်းစာမျိုးစုံတို့ကို ဖတ်ရှုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

သမားရိုးကျ ကက်တလောက်စနစ်နှင့် Electronic စနစ်နှစ်မျိုးစလုံးဖြင့် စာဖတ်သူများ လိုအပ်သော အကြောင်းအရာ၊ အချက်အလက်၊ စာအုပ်စာတမ်းများကို အချိန်တိုတိုအတွင်း လျင်မြန်စွာ ရှာဖွေငှားရမ်းဖတ်ရှုနိုင်ရန်နှင့် ကျောင်းသူ ကျောင်းသားများ၊ စာတမ်းပြုစုသူများ၊ သုတေသနပြုသူ စာပေသုတေသီများအတွက် ခိုင်မာသော အကိုးအကားများ အသုံးပြုနိုင်စေရန် ရည်ညွှန်းစာအုပ်များကိုလည်း အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေပြီး လိုအပ်သော အစိတ်အပိုင်းများကို မိတ္တူကူးယူခွင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

**စာဖတ်ရှိန် မြှင့်တင်**

ကလေးသူငယ်များ စာဖတ်အလေ့အကျင့်ရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်လာနိုင်စေရန် ကလေးစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ထားရှိသည်။

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ရှိ သုတရသ စာအုပ်များကို ငှားရမ်းဖတ်ရှုမည်ဆိုလျှင် စာကြည့်တိုက်အငှားကတ် ပြုလုပ်ရမည်ဖြစ်ပြီး အသင်းဝင်လျှောက်လွှာ ပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူတစ်စောင်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံဖြင့် အသင်းဝင်နိုင်သည်။

စာကြည့်တိုက် ဖွင့်လှစ်ချိန်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိလည်းကောင်း၊ စနေနေ့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**




# လိုင်ယွန်ကွင်းလယ်ကစားသမား ဖီကာအား စပိန်ကလပ် ရီးယဲလ်ဘတ်တစ်အသင်း ခေါ်ယူ

စပိန်လာလီဂါကလပ် ရီးယဲလ်ဘတ်တစ်အသင်းဟာ ပြင်သစ်ကလပ် လိုင်ယွန်အသင်းရဲ့ကွင်းလယ်ကစားသမား ဖီကာအား ပြောင်းရွှေ့ကြေးပေါင် ၁၇ ဒသမ ၇ သန်း(ယူရို ၁၉ ဒသမ ၇၅ သန်း)နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားဖီကာဟာ ရီးယဲလ်ဘတ်တစ်အသင်းကို ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုပြီး ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အသက် ၂၆ နှစ်အရွယ် ကွင်းလယ်ကစားသမားဖီကာကို ခေါ်ယူဖို့အတွက် ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ပြောင်းရွှေ့ကြေးပေါင် ၅၂ ဒသမ ၇၅ သန်း(ယူရို သန်း ၆၀)နဲ့ ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းရဲ့ ကြိုးပမ်းမှုဟာ သဲထဲရေသွန်ဖြစ်ခဲ့ရတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမားဖီကာဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ပြင်သစ်အသင်းက ခရိုအေးရှားအသင်းကို အနိုင်ရရှိခဲ့စဉ်က ပြင်သစ်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူလည်းဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဖီကာဟာ လိုင်ယွန်အသင်းမှာ လူငယ်ကစားသမားဘဝကနေ လက်ရှိအချိန်အထိ ပွဲပေါင်း ၂၀၀ နီးပါးပါဝင်ကစားခဲ့ပြီး သွင်းဂိုး ၆၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**




# ဂျူဗင်တပ်အသင်းနည်းပြ ဆာရီက စပါးနောက်ခံလူ ဒန်နီရို့စ်ကို ခေါ်ယူမည်ဟုဆို

ဂျူဗင်တပ်အသင်းနည်းပြ ဆာရီဟာ စပါးနောက်တန်းကစားသမား ဒန်နီရို့စ်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေပါတယ်။ နည်းပြဆာရီဟာ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာပြီး ဂျူဗင်တပ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ခြင်းဖြစ်ပြီး စပါးအသင်းကလည်း နောက်တန်းကစားသမား ဒန်နီရို့စ်ကို ရောင်းချဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

စပါးအသင်းဟာ ကီရန်ထရစ်ပီယာကိုလည်း စပိန်ကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းကို ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ နဲ့ ရောင်းချခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါကြောင့် စပါးအသင်းနည်းပြ ပိုချက်တီနိုဟာ နောက်တန်းကစားသမား ဒန်နီရို့စ်ကိုသာ ထပ်မံဆုံးရှုံးရမယ်ဆိုရင် အသင်းရဲ့ ဘယ်နောက်တန်းမှာ ကစားသမားတစ်ဦး ထပ်မံလစ်လပ်သွားခြင်းနဲ့ ကြုံတွေ့ရမှာလည်း ဖြစ်ပါတယ်။

စပါးနောက်တန်းကစားသမားဒန်နီရို့စ်ကို ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့ ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

စပါးအသင်းဟာ နောက်တန်းကစားသမား ဒန်နီရို့စ်ကို ဆုံးရှုံးရမယ်ဆိုရင် ဖူလ်ဟမ်နောက်တန်းကစားသမား ဆက်ဆက်နွန်နဲ့ အစားထိုးသွားမယ်လို့လည်း ဆိုပါတယ်။ ဒန်နီရို့စ်ဟာ စပါးအသင်းမှာ ကစားသမားဘဝ ၁၂ နှစ်ကြာ ဖြတ်သန်းခဲ့သူလည်းဖြစ်ပါတယ်။

## အနုပညာ

# Once Upon A Time In Hollywood အထူးပွဲ ပြသ

ဟောလိဝုဒ်ရဲ့ အလွန်ကိုကျော်ကြားတဲ့ မင်းသားတွေဖြစ်ကြတဲ့ လီယိုနာဒို ဒီကာပရီယိုနဲ့ ဘရက်ပစ်တို့ ခေါင်းဆောင်မင်းသားတွေအဖြစ် ပါဝင်ထားပြီး မင်းသမီး မာဂေ့ါထ်ရော်ဘီနဲ့ တွဲဖက်ရိုက်ကူးထားတဲ့ရုပ်ရှင် " Once Upon A Time In Hollywood " ကို လတ်တလောမှာ လော့စ်အန်ဂျလိမှာ အထူးပွဲပြသခဲ့တာ ဖြစ်ပါတယ်။ ဒီအခမ်းအနားကိုတော့ ဇာတ်ဆောင်တွေလည်း စုံလင်စွာ တက်ရောက်ခဲ့ကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၂ ရက်မှာ လော့စ်အန်ဂျလိက တီစီအယ်လ်ချိုင်းနိစ်သီရေတာမှာ " Once Upon A Time In Hollywood " အတွက် အထူးပွဲပြသခဲ့တာ ဖြစ်ပါတယ်။ ဒီအခမ်းအနားရဲ့ကော်ဇောနီပေါ် အနုပညာရှင်တွေများစွာ ပါဝင်လျှောက်လှမ်းခဲ့ကြပြီး အသက် ၅၅ နှစ်ရှိပြီဖြစ်တဲ့ ဘရက်ပစ်၊ ၄၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ ၂၉ နှစ်ရှိပြီဖြစ်တဲ့ မာဂေ့ါထ်ရော်ဘီတို့ အတူတွဲကာ ဓာတ်ပုံရိုက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။**(ယာပုံ)**

" Once Upon A Time In Hollywood " ကို ပြီးခဲ့တဲ့ မေ ၂၁ ရက်က ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ အထူးပွဲ ပြသခဲ့ပါသေးတယ်။ ဒီရုပ်ရှင်ကို လာမယ့် ဇူလိုင် ၂၆ ရက်မှာ စတင်ရုံတင်ဖို့ရာ ရည်ရွယ်ထားပြီး အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ ရရှိဖို့ရာ မျှော်မှန်းထားကြောင်းလည်း သိရပါတယ်။



**အေးပြည့်-စုစည်းသည်**

# ဘီယွန်းစေးရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်

ပေ့ါပ်ကြယ်ပွင့် ဘီယွန်းစေးဟာ လတ်တလောမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပြီဖြစ်ပါတယ်။ " The Lion King: The Gift" လို့ အမည်ပေးထားတဲ့ အဆိုပါ တေးအယ်လ်ဘမ်ကိုတော့ ဇူလိုင် ၁၈ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" The Lion King: The Gift " မှာ တေးသီချင်း စုစုပေါင်း ၁၄ ပုဒ် ပါဝင်ကြောင်းလည်း သိရပါတယ်။

# ဆယ်ဟန်နဲ့ ချန်ယိုးတို့ရဲ့တေးဗီဒီယိုသစ် ထုတ်လွှင့်

ကျော်ကြားတဲ့ ကေပေါ့ပ်အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO" ရဲ့ အဖွဲ့ဝင်နှစ်ဦးဖြစ်သူ ဆယ်ဟန်နဲ့ ချန်ယိုးတို့ရဲ့ တေးဗီဒီယိုသစ်ကို လတ်တလောမှာ ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဆယ်ဟန်နဲ့ ချန်ယိုးတို့ဟာ "EXO" ရဲ့အဖွဲ့ခွဲအဖြစ်ဖွဲ့စည်းထားပြီး " EXO-SC " လို့ အမည်ပေးကာ ပွဲဦးထွက်တေးဗီဒီယိုကို ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၁ ရက်မှာ စတင်ထုတ်လွှင့်လိုက်တဲ့ "What a Life" တေးဗီဒီယိုဟာ " EXO-SC " အတွက် ပထမဆုံးသော တေးဗီဒီယိုလည်း ဖြစ်ပါတယ်။ "What a Life" လို့ အမည်ပေးထားတဲ့ အဖွဲ့ခွဲရဲ့ မီနီတေးအယ်လ်ဘမ်မှာ ပါဝင်သွားမယ့် တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုကိုတော့ လော့စ်အန်ဂျလိစ်မှာ သွားရောက်ရိုက်ကူးခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။



# ကန်ဒန်နီရယ်ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် ကြိုတင်မှာယူမှု လေးသိန်းခွဲကျော်ရှိပြီဖြစ်

တောင်ကိုရီးယား ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကန်ဒန်နီရယ်ဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို မကြာမီမှာ စတင် ထုတ်လွှင့်ပေးတော့မှာဖြစ်ပါတယ်။ လက်ရှိမှာတော့ အဆိုပါတေးအယ်လ်ဘမ်ကို ကြိုတင်မှာယူမှု တစ်သိန်းခွဲကျော် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Wanna One" တေးဂီတအဖွဲ့ရဲ့အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ကန်ဒန်နီရယ်ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် " color on me" ကို ဇူလိုင် ၁၆ ရက်မှ စတင်ပြီး ကြိုတင်မှာယူမှုတွေ လက်ခံခဲ့ရာ လက်ရှိတွင် မှာယူမှု လေးသိန်းခွဲကျော်လွန်သွားပြီဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်မှာ ထုတ်ပြန်ပြောကြားလာတာဖြစ်ပါတယ်။ " color on me" တေးအယ်လ်ဘမ်မှာ တေးသီချင်း ငါးပုဒ်ပါဝင်နေတာဖြစ်ပြီး တေးအယ်လ်ဘမ်တစ်ခုလုံးကို ဇူလိုင် ၂၅ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# တစ်ပတ်အတွင်းအားကစားသတင်းများ


ဗန်ဒိုက်

## ဘာလွန်ဒီအောဆုရရှိခြင်းက ကြီးမားတဲ့အောင်မြင်မှုဟု ဗန်ဒိုက်ဖွင့်ဟ

ကမ္ဘာ့အကောင်းဆုံးကစားသမားကိုသာ ရွေးချယ်ပေးအပ်ချီးမြှင့်လေ့ရှိတဲ့ ဘာလွန်ဒီအောဆုကို ရရှိခြင်းဟာ ကြီးမားတဲ့အောင်မြင်မှုတစ်ခုဖြစ်တယ်လို့ လီဗာပူးအသင်း နောက်တန်းကစားသမား ဗန်ဒိုက်က ပြောကြားလိုက်ပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဗန်ဒိုက်ဟာ လီဗာပူးအသင်းက ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့တဲ့အပြင် လီဗာပူးအသင်း အနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း လက်ရှိချန်ပီယံမန်စီးတီးအသင်းကိုပင် စိန်ခေါ်နိုင်စွမ်းရှိတဲ့ အသင်းဖြစ်တာကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု (ဘာလွန်ဒီအောဆု)ကို ရရှိဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။

ဗန်ဒိုက်ဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ဆောက်သမ်တန်အသင်းကနေ လီဗာပူးအသင်းဆီကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး အဲဒီလို ရောက်ရှိလာတဲ့အချိန်ကစလို့ နည်းပြကလော့ရဲ့ လီဗာပူးအသင်းမှာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းရဲ့ နောက်တန်းခံစစ်ကြောင်းမှာ မဟာတံတိုင်းသဖွယ် ကာကွယ်နိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ ၂၀၁၈- ၂၀၁၉ ဘောလုံးရာသီမှာ ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့က ပေးတဲ့ ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဘီဘီစီ အားကစားဝက်ဘ်ဆိုက်ရဲ့တစ်နှစ်တာအကောင်းဆုံး ကစားသမား ဆုကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

## မာကွိုင်ယာနဲ့ ဘရူနိုဖာနန်ဒက်ဇ်တို့နှစ်ဦးကို ယူရိုသန်း ၁၆၀ နဲ့ ခေါ်ယူမယ်ဆိုတဲ့ မန်ယူ

မန်ယူအသင်းဟာ လက်ရှိအပြောင်းအရွှေ့ကာလအတွင်းမှာ ယူရို ၆၇ သန်းအထိ ရင်းနှီးမြှုပ်နှံပြီးပါပြီ။ မန်ယူအသင်းအနေနဲ့ ဆွမ်ဆီးအသင်းမှ ဒန်နီယယ်ဂျိမ်းစ်ကို ယူရို ၁၇ သန်း၊ ခရစ္စတယ်ပဲလေ့အသင်းမှ ဘစ်ဆာကာကို ယူရိုသန်း ၅၀ စသဖြင့်ပေးပြီး ခေါ်ယူပြီးဖြစ်ပါတယ်။ လက်ရှိအပြောင်းအရွှေ့ကာလဟာ ပိတ်သိမ်းဖို့ ၁၈ ရက်ကျန်သေးတာကြောင့် အဲဒီကာလအတွင်း မာကွိုင်ယာနဲ့ဘရူနိုဖာနန်ဒက်ဇ်တို့ကို ဈေးကြီးပေးပြီး ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။ ဗြိတိန်နေ့စဉ်သတင်းစာ အင်ဒီပင်းဒန့်ကတော့ မာကွိုင်ယာနဲ့ ဘရူနိုဖာနန်ဒက်ဇ်တို့ဟာ မန်ယူအသင်းကို ရောက်ရှိဖို့ နီးစပ်နေပြီလို့ ဖော်ပြထားပါတယ်။ မန်ယူအသင်းအနေနဲ့ မာကွိုင်ယာ တစ်ဦးတည်းကို ယူရိုသန်း ၉၀ အထိပေးပြီး ခေါ်ယူမှသာ ရရှိနိုင်မယ်လို့ သတင်းတွေထွက်ပေါ်နေပြီး အဲဒီလိုသာ ပေးရမယ်ဆိုရင် မာကွိုင်ယာဟာ ဈေးအကြီးဆုံး နောက်တန်းကစားသမားတစ်ဦး ဖြစ်လာမှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ဘရူနိုဖာနန်ဒက်ဇ်ကိုလည်း ယူရိုသန်း ၇၀ အထိပေးရဖို့ရှိနေပါတယ်။


မာကွိုင်ယာ


ဘရူနိုဖာနန်ဒက်ဇ်

## ဂါရတ်ဘေးလ်ထွက်ခွာဖို့ရှိနေလို့ ပေါ့ဘာဘက်ကို ခြေဦးပြန်လှည့်တဲ့ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ်အသင်းဟာ အသင်းရဲ့တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂါရတ်ဘေးလ် အသင်းကနေ ထွက်ခွာဖို့ရှိနေတာကြောင့် မန်ယူအသင်းကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူဖို့စီစဉ်လာခဲ့ပြီး ပေါ့ဘာဟာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ဦးစားပေး ခေါ်ယူမယ့် ကစားသမားလို့လည်း ရီးယဲလ်မက်ဒရစ်အသင်းက ဆိုခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဂါရတ်ဘေးလ်ကို ရောင်းချရင် ပေါင်သန်း ၅၀ နဲ့ ၆၀ ကြားသာရရှိမှာဖြစ်ပြီး ပေါ့ဘာကတော့ အနည်းဆုံးပေါင်သန်း ၁၀၀ ပေးပြီးခေါ်ယူရဖို့ရှိနေပါတယ်။ မန်ယူအသင်းကတော့ ပေါင်သန်း ၂၀၀ အထိ လိုချင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမားပေါ့ဘာကို ရရှိမယ်ဆိုရင် ပြောင်းရွှေ့ကြေးပေါင်သန်း ၁၅၀ အထိ ပေးဖို့လည်း စီစဉ်နေတယ်လို့ဆိုပါတယ်။ စပိန်လာလီဂါရဲ့ အပြောင်းအရွှေ့ဈေးကွက်ဟာ စက်တင်ဘာ ၂ ရက်မှာ ပိတ်မှာဖြစ်လို့ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ဒီကာလအတွင်းမှာ ပေါ့ဘာကို ရအောင်ခေါ်ယူဖို့ရှိနေတယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာ ရီးယဲလ်မက်ဒရစ်အသင်းကို ရောက်ရှိခြင်းဟာ တိုက်စစ်မှူး ဂါရတ်ဘေးလ် ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာခြင်းအပေါ်မှာ မူတည်နေတယ်လို့လည်းဆိုပါတယ်။



## ဘာစီလိုနာရဲ့ကစားကွက်နဲ့ ကိုက်ညီအောင် ကစားမယ်ဆိုတဲ့ ဂရစ်ဇ်မန်း

ဘာစီလိုနာတိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ အသင်းသစ်ရဲ့ကစားကွက်နဲ့ကိုက်ညီအောင် ကစားသွားဖို့စီစဉ်ထား တယ်လို့ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၁၀၇ သန်း(ယူရိုသန်း ၁၂၀)နဲ့ အခုလအတွင်းမှာ ဘာစီလိုနာအသင်းဆီကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ ဂရစ်ဇ်မန်းဟာ ၂၀၁၄ ခုနှစ်က ရီးယဲလ်ဆိုစီဒက်အသင်းကနေ အက်သလက်တီကိုမက်ဒရစ်အသင်းဆီကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ၂၅၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၃၃ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂရစ်ဇ်မန်းဟာ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ဖို့ဆန္ဒရှိနေခဲ့တာကြောင့် ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက အက်သလက်တီကိုမက်ဒရစ်အသင်းရဲ့ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။ ဂရစ်ဇ်မန်းဟာ ဘာစီလိုနာအသင်းမှာ ကျောနံပါတ် ၁၇ ကို ဝတ်ဆင်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းအနေနဲ့ ဂရစ်ဇ်မန်းကို ခေါ်ယူခဲ့တဲ့အပြင် အေဂျက်အသင်းမှ ဖရန့်ကီဒီဂျောင်ကိုလည်း ခေါ်ယူခဲ့တာဖြစ်ပါတယ်။



## ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ ဆီဘာယ်လော့စ် အာဆင်နယ်သို့ပြောင်းရွှေ့ရန် သဘောတူညီထား



အာဆင်နယ်အသင်းဟာ ရီးယဲလ်မက်ဒရစ်နဲ့ စပိန်အသင်းတို့ရဲ့ ကွင်းလယ်ကစားသမား ဒန်နီဆီဘာယ်လော့စ်ကို ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ တစ်ရာသီအတွက် အငှားစာချုပ်နဲ့ ခေါ်ယူဖို့ပြင်ဆင်ခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ခြေစွမ်းကောင်းမွန်တာကြောင့် ဆီဘာယ်လော့စ်ကို ခေါ်ယူဖို့ အာဆင်နယ်အသင်းနဲ့အပြိုင် စပါးအသင်းကလည်း ပစ်မှတ်ထားခဲ့တာဖြစ်ပါတယ်။

လက်ရှိ ဆီဘာယ်လော့စ်နဲ့ အာဆင်နယ်အသင်းတို့အကြား သဘောတူညီချက် ရရှိခဲ့ပြီလို့ သိရပါတယ်။

အသက် ၂၂နှစ်အရွယ် ဆီဘာယ်လော့စ်ဟာ ၂၀၁၇ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းကို ရောက်ရှိလာတာဖြစ်ပြီး အဲဒီအချိန်ကစလို့ လက်ရှိအချိန်အထိ ပြိုင်ပွဲ ၅၆ ပွဲပါဝင်ကစားခွင့် ရရှိထားတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ကွင်းလယ်ကစားသမား ရမ်ဆေးကို ဂျူဗင်တပ်ထံ ရောင်းချခဲ့တာဖြစ်ပြီး လစ်လပ်သွားတဲ့ ကွင်းလယ်ပိုင်းအတွက် ဆီဘာယ်လော့စ်နဲ့ အားဖြည့်သွားမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ဆီဘာယ်လော့စ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တဲ့အပြင် စိန့်အက်စ်တီယန်ဗဟိုခံစစ်မှူး ဝီလီယံဆာလီဘာကိုလည်း ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

ဝီလီယံဆာလီဘာကို ခေါ်ယူမယ်ဆိုရင် ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်း ကုန်ကျမှာဖြစ်ပြီး လာမယ့်ဘောလုံးရာသီမှာတော့ အငှားစာချုပ်နဲ့ စိန့်အက်စ်တီယန်အသင်းမှာ ပြန်လည်ကစားခွင့်ရရှိမှာဖြစ်ပါတယ်။ ဆာလီဘာဟာ စပါးအသင်းရဲ့ ကမ်းလှမ်းလာမှုကို ခံခဲ့ရပေမယ့် အာဆင်နယ်အသင်းကိုသာ စိတ်ဝင်စားခြင်းကြောင့် အခုလိုသဘောတူညီခဲ့တာဖြစ်ပြီး ၂၀၂၀ ရောက်မှသာ အာဆင်နယ်အသင်းတွင် ပါဝင်ပွဲထွက် ကစားဖွယ်ရှိတယ်လို့လည်း သိရပါတယ်။

နိုင်လင်းကြည်

# ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း (၅၅)နှစ်မြောက် အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

ငြိမ်းချမ်းရေးဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန် တည်ရှိရာနေရာ၌ ကျင်းပသည်။

**တစ်မိနစ်ငြိမ်သက်**

အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆရာကြီး၏မိသားစုဝင်များက တက်ရောက်ဂါရဝပြုကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများနှင့် ဒီမိုကရေစီရေး တိုက်ပွဲအဆင့်ဆင့်တွင် ကျဆုံးသွားကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းအတွက် ဝမ်းနည်းခြင်း တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးနှင့် ငြိမ်းချမ်းရေးကွန်ရက်နာယက ဦးအံ့မောင်၏ သဝဏ်လွှာနှင့် ငြိမ်းချမ်းရေးကွန်ရက်၏ ကြေညာချက်ကို အဖွဲ့ဝင်များက ဖတ်ကြားပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ပတ်သက်သည့် အမှတ်တရစကားများ ပြောကြားသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်မှ ဦးထွန်းဝင်းငြိမ်းက "ဆရာကြီးအနေနဲ့ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ပြည်တွင်းစစ်ကြီးစဖြစ်ကတည်းက တိုင်းပြည်အတွက် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခဲ့တာပါ။ ဆရာကြီးရဲ့ငြိမ်းချမ်းရေးအပေါ် သဘောထားကတော့ ပြည်သူလူထုဆန္ဒနဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်မယ်။ ပြည်သူလူထုကိုယ်တိုင်ပါဝင်တည်ဆောက်တဲ့ငြိမ်းချမ်းရေး ဖြစ်ရမယ်ဆိုတဲ့ ခံယူချက်တွေနဲ့ ဆောင်ရွက်ခဲ့တာပါ။

"အဲဒီလို ငြိမ်းချမ်းရေး လုပ်နည်းလုပ်ဟန် အယူအဆတွေကို လေးစားယုံကြည်တဲ့အတွက် ဆရာကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ပြည်သူလူထုတွေသိရှိအောင် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် နိုင်ငံရေးကို လုပ်ဆောင်ရာတွင် နိုင်ငံ့အရေး၊ နိုင်ငံ့ကောင်းကျိုးကိုသာ အဓိကထား ဆောင်ရွက်ခဲ့သလို ပြည်သူများ ကောင်းကျိုးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်ကိုသာ ရှေးရှုဆောင်ရွက်ခဲ့ပြီး နိုင်ငံဆူပူမှု၊ သင်းကွဲမှုများ မဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်းနှင့် သူ၏တပည့်များအားလုံးကိုလည်း လိမ္မာအောင် အမြဲသွန်သင်ဆုံးမတတ်ကြောင်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ၁၀ နှစ်ကျော် အတူနေထိုင်ခဲ့သည့် မြေးဖြစ်သူ ဒေါ်မြမြအေးက ပြောသည်။



**မျက်ဝါးထင်ထင် မြင်ခဲ့**

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာသက္ကရာဇ် ၁၂၃၇ ခု တပေါင်းလပြည့်ကျော် ၄ ရက် (ကြာသပတေးနေ့) ခရစ်နှစ် ၁၈၇၆ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းပိုက်ထားသော အောက်မြန်မာနိုင်ငံပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးလယ်ရွာ၌ အဖ ဦးစံဒွန်းနှင့် အမိ ဒေါ်အုန်းတို့က မွေးဖွားခဲ့သည်။ ငယ်နာမည်မှာ မောင်လွမ်း မောင်ဖြစ်ပြီး ရွှေတောင်ကျီးသဲလေးထပ်ဆရာတော်သည် ဆရာကြီး၏ ပထမ ကန့်ကူလက်လှည့်ဆရာဖြစ်သည်။ ဆရာကြီး ၁၀ နှစ်သားအရွယ်တွင် မန္တလေး နေပြည်တော် မြတောင်ကျောင်းတိုက်၌ ပညာသင်နေစဉ် သီပေါမင်း ပါတော်မူပုံကို ဝမ်းနည်းကြေကွဲစွာ မျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ ဆရာကြီးသည် အသက် ၈၉ နှစ်အရွယ် ၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကွယ်လွန်ခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ-အေးမင်းသူ**

---

# မုံရွာ-ဟုမ္မလင်းသင်္ဘောခရီးစဉ် ခရီးသည်နှင့် ကုန်တန်ချိန်ပိုများကာ ပြေးဆွဲလာရ

**မုံရွာ ဇူလိုင် ၂၃**

ချင်းတွင်းမြစ်တွင်း တစ်စင်းတည်းသာပြေးဆွဲလျက်ရှိသော မုံရွာ-ဟုမ္မလင်း သင်္ဘောခရီးစဉ်သည် တစ်ခေါက်ထက် တစ်ခေါက် ခရီးသည်နှင့် ကုန်တန်ချိန်ပိုများလာသောကြောင့် အရှုံးမရှိ ပြေးဆွဲနေရပြီဖြစ်ကြောင်း မုံရွာမြို့ချင်းတွင်းရေကြောင်းရုံး လက်ထောက်အထွေထွေမန်နေဂျာ ဦးလေးနိုင်က ပြောသည်။

"အခုလို ခရီးသည် တစ်ခေါက်ထက်တစ်ခေါက်များလာပြီး ကုန်တန်များလာရင်တော့ မရှုံးတော့ဘူး။ ပြီးခဲ့တဲ့တတိယအခေါက်ကစပြီး မရှုံးတော့ပါဘူး။ အခုဆိုရင် အသွားအပြန် ကုန်ကျစရိတ်က တစ်ခေါက်ကို သိန်း ၄၀ လောက်ကုန်တယ်။ ရေများလေ သင်္ဘောက အန္တရာယ်ကင်းတော့ ခရီးသည်က ပိုစီးလာလေပဲဆိုတော့ အခုထက်ပိုတွက်ခြေကိုက်လာမှာပါ"ဟု ဦးလေးနိုင်က ပြောသည်။

ဇူလိုင် ၂၂ ရက်(တနင်္လာနေ့)တွင် မုံရွာမှ ဟုမ္မလင်းသို့ လေးခေါက်မြောက်သွားပြီဖြစ်ရာ ခရီးသည်က ပထမနှင့်ဒုတိယခေါက်က တစ်ခေါက်လျှင်၁၂ ယောက်ခန့်သာပါရာမှ တတိယခေါက်မှစ၍ ခရီးသည် ၄၀ ကျော် ၅၀ ဝန်းကျင်ထိ ရလာကြောင်း သိရသည်။ ကုန်အနေဖြင့် မုံရွာက အညာတင်ကုန်များ ပထမ စထွက်စဉ်က တန် ၂၀ ခန့် တင်ရာမှ တတိယနှင့် ယခု စတုတ္ထခေါက်တို့တွင် တန် ၅၀ နီးပါး တင်ရကြောင်း သိရသည်။

ဟုမ္မလင်းက မုံရွာကို ပြန်စုန်လာလျှင် ဒေသထွက်ကုန် တညင်းသီးတစ်မျိုးသာတင်ရပြီး ဟုမ္မလင်းမှ မုံရွာသို့ တညင်းသီးပေါ်ချိန်ဖြစ်၍ ကုန်အများဆုံး ၁၀ တန်ခန့်သာရကြောင်း သိရသည်။



လက်ရှိ ပြေးဆွဲနေသော ချမ်းငြိမ်းသင်္ဘောအပြင် ပြည်ကြီးတံခွန် (၄) သင်္ဘောဖြင့် ဇူလိုင်လ တတိယပတ်တွင် ပြေးဆွဲရန်စီစဉ်ထားသော်လည်း အခြေအနေကြောင့်ပြေးဆွဲမှု မပြုတော့ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်မှစ၍ အပတ်စဉ် မုံရွာမြို့မှ တနင်္လာနေ့ နံနက်တွင် ထွက်မည်ဖြစ်ပြီး ဟုမ္မလင်းသို့ ဗုဒ္ဓဟူးနေ့တွင် ရောက်မည်ဖြစ်ကာ ဟုမ္မလင်းမှ သောကြာနေ့တွင်ထွက်၍ စနေနေ့တွင် မုံရွာရောက်မည်ဖြစ်သည်။

"ချင်းတွင်းမြစ်တစ်လျှောက် မုံရွာက ထွက်ရင် မင်းကင်းမြို့ ကလေးဝမြို့ မော်လိုက်မြို့ ဖောင်းပြင်မြို့ သောင်သွပ်မြို့တို့မှာ ခေတ္တဆိုက်ကပ်နားပြီး ဟုမ္မလင်းသို့ထွက်ခွာတာပါ။ အပြန်မှာလည်း အဲဒီမြို့တွေမှာ ရပ်နားပေးတယ်။ လက်ရှိပုဂ္ဂလိက ကုမ္ပဏီနဲ့ ရေကြောင်းဌာနပေါင်းပြေးတော့ လက်မှတ်ခကို အမြန်ရေယာဉ်ခထက်မများ ပြည်တွင်းရေကြောင်းနှုန်းထားထက်လည်း မများတဲ့နှုန်းနဲ့ ပြေးဆွဲပေးနေတာပါ" ဟု ဆက်လက်ရှင်းပြသည်။

**မျိုးဝင်းထွန်း**

---

# နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း မိုင်းပန်လမ်းပိုင်း လမ်းဘေး ဝဲ-ယာ သစ်ပင်စိုက်ပျိုး

**မိုင်းပန် ဇူလိုင် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့အဝင် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း လမ်းမဘေး (ဝဲ/ယာ)တစ်လျှောက် စိမ်းလန်းစိုပြည်ရေး အရိပ်ရအလှပင်များ စိုက်ပျိုးခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက မိုင်းပန်မြို့ဝင်မုခ်ဦးအနီးနေရာ၌ ကျင်းပသည်။

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက သစ်တော သစ်ပင်သည် သဘာဝပတ်ဝန်းကျင်ကို အေးမြစေပြီး စိမ်းလန်းစိုပြည်၍ လူတို့၏ စိတ်ကိုကြည်နူးရွှင်လန်းစေပါကြောင်း၊ လူသားတို့အတွက် သစ်ပင်သည် စားသုံးရန်သီးနှံရရှိခြင်း၊ အရိပ်ရရှိခြင်း၊ ဆေးဖက်ဝင်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့်အကျိုးကျေးဇူးကို ရရှိစေကြောင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးဖြစ်ပေါ်လာရခြင်းကလည်း သစ်ပင်တွေ ဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့နှင့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လင်းခေးခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၅၀၀ ကျော်တို့က ငုစပ်ချယ်ရီ ၁၈၆ ပင်၊ စိန်ပန်းပြာ ၁၃၂ ပင်နှင့် စိန်ပန်းနီ ၁၃၂ ပင် စုစုပေါင်း ၄၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

---

**တိုတိုထွာထွာဖတ်စရာ**

## ပင်စင်ထုတ်သူများအတွက် နားနေဆောင်ဆောက်

**ရေကြည်**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်းများ ပင်စင်ထုတ်ရာတွင် သက်သောင့်သက်သာ တည်းခိုနိုင်ရန် ပင်စင်စားနားနေဆောင် ဆောက်လုပ်လျက်ရှိသည်။

အငြိမ်းစားဝန်ထမ်းများ ပင်စင်ထုတ်ရာတွင် နေပူ၊ မိုးရွာထဲတွင် မစောင့်ရတော့ဘဲ ယခုလိုအဆောက်အအုံအောက်တွင် စောင့်၍ ပင်စင်ထုတ်ရတော့မည်ဖြစ်သည့်အတွက် ဝမ်းသာရပါကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အငြိမ်းစား ဦးစီးမှူး ဦးမြင့်သိန်းက ပြောကြားသည်။

ဇူလိုင်လကုန်အတွင်း အပြီးဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ရေကြည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စားဦးရေ ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။ **အောင်သူဟန် (ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပညာပေး

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြို့ပေါ်ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့တွင် အဖွဲ့လေးဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ပိုးလောက်လမ်းများ မပေါက်ပွားရေး၊ ခြင်မှတစ်ဆင့်ကူးစက်တတ်သော အခြားရောဂါများမဖြစ်ပွားစေရေးတို့အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများပြုလုပ်ပေးကာ သောက်သုံးရေများအတွင်း အဘိတ်ဆေးခတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကေခိုင်ဝင်းက ရှင်းပြသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**ထန်းတပင်**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ကျိုက္ခနာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဒုဦးစီးမှူး ဦးမျိုးနိုင်ဦးနှင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်ခိုင်ကျော်တို့က မီးလောင်ကျွမ်းမှုဖြစ်ပေါ်ရသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး လက်ထောက်မီးသတ်ဦးစီးမှူး ဦးအုန်းဝင်းက မီးသတ်ဆေးဘူးအသုံးပြုနည်းများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနည်းလမ်းများကို ဆွေးနွေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနည်းစနစ်များကို လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စိန်ရီ
## အသက်(၈၀)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ ခြံအမှတ်(၅၅၁)နေ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏ ချစ်လှစွာသော မိခင် ဒေါ်စိန်ရီ (မြို့နယ်သူနာပြုဆရာမကြီး-ငြိမ်း)သည် ၂၀-၇-၂၀၁၉ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဦးလှအောင်
## အသက်(၉၀)
**B.Sc Engg: AMAIEE**
**ဥက္ကဋ္ဌ မြန်မာ့ လျှပ်စစ်အလင်းရောင်ကုမ္ပဏီ**
**ညွှန်ကြားရေးမှူး-ငြိမ်း၊ EPC/TSC**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မစိုးရိမ်လမ်းသွယ်(၂)၊ စံပယ်လမ်း၊ (၉/B)နေ (ဦးမင်းမင်း-ဒေါ်နှင်းဖြူ)၊ (ဦးဘဆိုင်-ဒေါ်ခင်လုံ)တို့၏ သား၊ (ဒေါ်မြင့်မြင့်အေး)၏ ခင်ပွန်း၊ ဒေါ်သဇင်အောင်၊ ဦးအောင်ထွဋ်ဦး-ဒေါ်ခင်စောယုအောင်၊ ဦးတင်ထွဋ်အေး-ဒေါ်ခင်စံပယ်ဖြူအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြတ်သူအောင်၊ စုနှင်းထွဋ်အောင်၊ အောင်ဘိုဘို၊ မင်းသန့်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၂၃-၇-၂၀၁၉ ရက် နံနက် ၈း၂၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဒေါ်ဝါဝါဟန်
## အသက်(၆၉)နှစ်
**B.V.S, Dip in Japanese (YUFL), Dip in Statistic**
**ဒု-ညွှန်မှူး-ငြိမ်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**National Consultant at FAO, Country Coordinator at PREVENT Project, USAID**
**M.D, Green Enviro Services Ltd.**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ်(၁)နေ (ဇေယျကျော်ထင် ဗိုလ်မှူးသိန်းဟံ-ဒေါ်မူမူဟန်)တို့၏ သမီး၊ ဒေါ်ဖြူဖြူဟန် (MRTV-ငြိမ်း)၏ ညီမ၊ ဒု-ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)-ဒေါ်မိုးပြာဟန် (ကထိက-ငြိမ်း)၊ ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်(ငြိမ်း)-ဒေါ်မိုးသီတာ၊ (ဦးဖုန်းမော်ဟန်)-ဒေါ်ခင်အေးဝေ၊ ဒေါ်နှင်းပွင့်ဟန် (ကထိက-ငြိမ်း၊ ဘန်ကောက်တက္ကသိုလ်)တို့၏ ချစ်လှစွာသောအစ်မ၊ ဗိုလ်မှူးသူရိန်ထွန်း-မဆုဝေဟန်၊ ကိုသူဇော်-မယုသီဂီ၊ ကိုဇွဲလင်းဟန်၊ ကိုလွင်မော်၊ မခြူးခြူးဝေဟန်၊ မယမုံဟန်၊ မခင်အင်ကြင်းတို့၏ ကြီးတော်၊ မောင်လင်းမြတ်၊ မောင်ရှင်းသန့်အောင်တို့၏ အဘွားသည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်၊ မင်္ဂလာဒုံသို့ ပို့ဆောင်လှူဒါန်းပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ရဲမှူး ဦးဝင်းသောင်
**မကွေးတိုင်းရဲတပ်ဖွဲ့မှူး၊ ရဲမှူးဦးစီး (ငြိမ်း)**
**ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးထောက်**
**စာရေးဆရာ ဝင်းသောင် (ရမည်းသင်း)**
**စာပေနှင့်စာနယ်ဇင်း၊ စစ်မှုထမ်းဟောင်း**
## အသက် (၈၁) နှစ်

ရမည်းသင်းမြို့ ကြည်တော်ကုန်းရပ်နေ (ဦးအေး-ဒေါ်အေးခင်)တို့၏သား၊ ပဲခူးမြို့ ဆံတော်တွင်းနေ (ဦးစိုးကြိုင်-ဒေါ်သန်းရီ)တို့၏ သားသမက်၊ (ဒေါ်သန်းကြင်)၊ (ဒေါ်ခင်စန်း)၊ (ဦးဝင်းမောင်)တို့၏ ညီ/မောင်၊ ဦးဆွေမြင့်-ဒေါ်အေးအေးစိုး၊ (ဦးခင်မောင်စိုး)-ဒေါ်သန်းသန်းဌေးတို့၏ အစ်ကို၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ တိုက်(၁၂၅၇)၊ လေးလွှာနေ ဒေါ်လှလှစိုး (လယ်-စိုက်-ရှင်း၊ ငြိမ်း)၏ ခင်ပွန်း၊ မချိုမြ၊ (ကိုမျိုးမင်းသောင်)-မရတနာဇော်ခင်တို့၏ဖခင်၊ မအိမြတ်နိုးငြိမ်း၏ အဘိုးသည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသော်ဇင်အောင်
## အသက်(၃၆)နှစ် (M.O.G.E)

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ရေနံမြေ၊ နင (၄၃)နေ ဦးမောင်ကြိုင်-ဒေါ်တူးတို့၏ သားကြီး၊ ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ အမှတ်(၁၆၄)နေ ဦးစိန်ဝင်း-ဒေါ်တင်ရွှေတို့၏ သားသမက်၊ ဒေါ်မြတ်သီတာ (မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ-၁)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ခန့်ဘုန်းထက်၏ ချစ်လှစွာသော ဖခင် ဦးသော်ဇင်အောင်သည် ၂၃-၇-၂၀၁၉ ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် မြန်အောင်ရေနံမြေ ရွာတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ ရက်တွင် ရန်ကုန်မြို့ တောင်ဒဂုံ(၂၂)ရပ်ကွက်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်း (သာကေတ)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အာနိသ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၇၈၊ မြေကွက်တည်နေရာအမှတ်(၁၇၈)၊ ဥဇ္ဇနာ(၉)လမ်း၊ ၄-ရပ်ကွက်၊ ဦးစိန်မြ[၁၂/ဥကမ(နိုင်)၁၂၄၅၂၇]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ ဦးစိန်မြ(ဖခင်)သည် ၁၀-၆-၂၀၀၅ရက်တွင်လည်းကောင်း၊ ဒေါ်ခင်ရွှေ(ခ)ဒေါ်ရှမ်း(မိခင်)သည် ၁၃-၈-၁၉၉၆ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြသဖြင့် ဦးစိုးငြိမ်း[၁၂/ဥကမ(နိုင်)၁၄၀၄၉၂]၊ ဒေါ်အေးအေးသွင်[၁၂/ဥကမ(နိုင်)၁၃၁၂၉၅]၊ ဦးခင်မောင်စိုး[၁၂/ဥကမ(နိုင်)၁၂၂၀၀]တို့မှ သားသမီးများ တော်စပ်ကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကိုန်လွှာအမှတ်-၅/၂၄၈၉၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်အဆောက်အအုံ(၂)လုံးရှိပြီး လျှောက်ထားသူ ဦးခင်မောင်စိုးနှင့် ဒေါ်အေးအေးသွင်တို့နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့်**
**အသက် ကယ်ပါ**

**ဟင်္သာတအသင်း**

## နန့်ခင်ဌွေးရီခိုင်
## အသက် (၇၉) နှစ်

ဟင်္သာတမြို့နယ်၊ ယုန်သလင်းကျေးရွာနေ အာဇာနည်ခေါင်းဆောင် ဝန်ကြီးမန်းဘခိုင်-ဂျဲအေးလုံ(ခ)ဂျဲစိန်ကြည်တို့၏သမီးထွေး၊ ဦးဝင်းလွင်(ခ)ဦးစစ် ကြိုင်၏ဇနီး၊ နန့်လွင်ဝါဝါခိုင်(ဒု/မန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ ဘဏ်ခွဲ-၂၊ ဟင်္သာတ)၊ စလွင်သူရခိုင်-မိုင်မေရီတို့၏မိခင်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း-နန့်ကြင်ကြည်တို့၏အဒေါ် နန့်ခင်ဌွေးရီခိုင်သည် ၂၂-၇-၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ယုန်သလင်းကျေးရွာ မိသားစုသင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဟင်္သာတအသင်း (ရန်ကုန်)

**ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း**

## ဦးသန်းအောင်(ခ)ဦးသန်းထွဋ် (၇၇)နှစ်
**(ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေး)**

ရန်ကုန်မြို့နေ (ဦးဟန်ကြည်-ဒေါ်တင်မြင့်)တို့၏သား၊ (ဦးထွန်းရွှေ-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဦးဝင်းမြင့်အောင်၏ညီ၊ အမှတ်(၈၈)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေ ဦးဝင်းထွဋ်ဝင်း-ဒေါ်ဟေနွယ်ဦး(Celebrity ရုပ်ရှင်ထုတ်လုပ်ရေး)၊ သရုပ်ဆောင် ဝါဇင်(ခ)သားထူး-ဒေါ်စောစန္ဒီဇော်(သံမှူး၊ မြန်မာသံရုံး၊ စင်ကာပူနိုင်ငံ)တို့၏ ချစ်လှစွာသောဖခင်၊ မဝါရွှေနွယ်သွေးဝင်း(ခ)Alice Win၊ မဝင်းဝါပန်းမြတ်သူ (ခ)Pinky Win (Yangon Academy)၊ မဝင်းပဝတီထွဋ် (ခ)Victoria Htut၊ မရွှေကေရီထွဋ်(ခ)Isabella Htutတို့၏ချစ်လှစွာသောအဘိုး၊ သရုပ်ဆောင် ဒါရိုက်တာ ဒေါ်ဝါဝါဝင်းရွှေ၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းအောင်(ခ)ဦးသန်းထွဋ်သည် ၂၃-၇-၂၀၁၉(အင်္ဂါနေ့)ည ၇း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ ရက် (စနေနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဆွေဝင်း (တရားလွှတ်တော်ရှေ့နေ) (၆၄)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၅/၇ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၂၉/က) နေ (ဦးစံဘုတ်-ဒေါ်ကျင်တီ)တို့၏ သမီး၊ ဒေါ်စန်းစန်း၊ ဒေါ်ပြုံး၊ ဒေါ်သန်းသန်းဌေး၊ ဦးလှကြည်-(ဒေါ်ဘေဘီ)တို့၏ ညီမ၊ ဦးစိန်မြင့်-ဒေါ်စန်းစန်းအေးတို့၏ အစ်မ၊ တူ/တူမ ခြောက်ယောက် တို့၏ အဒေါ်သည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၃း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောမြ
**အလပြ-ငြိမ်း၊ အထက(၂)စမ်းချောင်း**
## အသက်(၆၂)နှစ်

(ဦးစောဖြူ-ဒေါ်တိုက်စိုး)တို့၏ သမီးငယ်၊ အမှတ်(၇၆)၊ မင်းလမ်း(သုံး)လွှာနေ ဦးကျော်မင်းဦး (သစ်တောဦးစီးအရာရှိ-ငြိမ်း)၏ ဇနီး၊ ကိုအောင်ကျော်ဇံ၊ ကိုမြတ်ဖြိုးအောင်၊ ကိုကောင်းမြတ်သူတို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးစောသိန်း(ငြိမ်း)-ဒေါ်နှင်းဆီ၊ ဒေါ်ခင်စောသာ (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)၊ (ဦးမင်းလွင်)-ဒေါ်ခင်စောမူတို့၏ ညီမငယ်၊ တူ/တူမ ငါးယောက်တို့၏အဒေါ် ဒေါ်ခင်စောမြသည် ၂၃-၇-၂၀၁၉ ရက် နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းတိုး
**B.Sc Maths**
**အထက(၁)ဗဟန်းကျောင်းသားဟောင်း**
## အသက်(၅၉)နှစ်

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်နေ (ဦးအောင်သိန်း)-ဒေါ်ခင်မျိုးဇင်တို့၏ သား၊ ဦးခင်လှိုင်-ဒေါ်အေးအေးတို့၏ သားသမက်၊ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးသိန်းဦး-ဒေါ်ခင်ခင်ဌေး၊ (ဦးသန့်ဇင်)-ဒေါ်ဆွေဆွေမြင့်၊ ဦးစိုးလွင်-ဒေါ်အေးအေးကြူ၊ ဦးမျိုးဇော်ထွေး-ဒေါ်နှင်းလဲ့လဲ့ဦးတို့၏ ညီ/မောင်၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၁၈၁/ခ)နေ ဒေါ်ဝင်းနှင်းထွန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မသီရိတိုးတိုးဇင်(YTU)၏ ချစ်လှစွာသောဖခင် ဦးသိန်းတိုးသည် ၂၂-၇-၂၀၁၉ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းဆွေ
**ရဲအုပ်(ငြိမ်း)**
## အသက်(၈၁)နှစ်

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၅)မှ သူငယ်ချင်း ဒုရဲမှူးအောင်မြတ်ကျော်(ငြိမ်း) (သတင်းတပ်ဖွဲ့)-ဒေါ်ခိုင်မိုးဆွေ ၏ ဖခင် ဦးမင်းဆွေ သည် ၁၅-၇-၂၀၁၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်း(အရာရှိ) သင်တန်းအမှတ်စဉ်(၁၅)အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်ဝါဝါဟန်
## အသက်(၆၉)နှစ်

Green Enviro Services Ltd. ၏ Managing Director ဒေါက်တာဒေါ်ဝါဝါဟန် အသက်(၆၉)နှစ်သည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Green Enviro Services Ltd. မှ**
**ဝန်ထမ်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်ရီ
## အသက် (၈၈) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နေ [ဦးမြ(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)-ဒေါ်ခင်ညွန့်]တို့၏ သမီးကြီး၊ ပုသိမ်မြို့နေ [ဦးတင်ဌေး(အမှတ်-၂၊ ပုသိမ်အရှေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)]၏ ဇနီး၊ [ဒေါ်မေမေကြည်(မူလတန်းပြဆရာမ-ငြိမ်း)]၊ ဦးတိုးအောင်တို့၏အစ်မကြီး၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ ကမာကြည်ကမ်းသာယာ၊ အိမ်ရာ(၃)၊ လုံးချင်းအိမ်ရာ၊ အမှတ်(၂၀-B)နေ ဦးဇော်ဝင်းဌေး(ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း) ဦးပိုက်ထွေး (ပါတီဗဟိုအတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)-ဒေါ်ခင်မျိုးဌေး၊ ဦးသန်းဇော်ဌေး (ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်-၂၊ အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းမော်၊ ဗိုလ်ကြီးအောင်မျိုးဌေး(ငြိမ်း)-ဒေါ်သန်းသန်းနွဲ့တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၃၃ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘအောင် (စစ်တွေ)
## အသက်(၈၇)နှစ်
**(ပြည်နယ်စိုက်ပျိုးရေး ဘဏ်မန်နေဂျာ-ငြိမ်း)**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၄)လမ်း၊ အမှတ်(၇၃၄)နေ ဒေါ်စောထွီး(ဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ချီကာဂို(အမေရိက)နေ ဦးအောင်နိုင်စိုး-ဒေါ်လှသူဇာတို့၏ ဖခင်၊ မောင်စည်သူဖြိုးအောင်၊ မမေသူဇာစိုးတို့၏ အဘိုးသည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀း၃၇ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ပြုံးရည် (မြောင်းမြစာတိုက်)
## အသက် (၈၇) နှစ်

မြောင်းမြမြို့ အမှတ်(၁၀)၊ (၆)လမ်းနေ (ဦးဘအေး-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးတင်လှိုင်)၏ဇနီး၊ ဦးဆန်းထွန်းဦး-ဒေါ်အေးအေးလှိုင်(ကော့မှူးမြို့နယ် စာရင်းစစ်ရုံး)တို့၏မိခင်၊ (ဦးဘမြင့်-ဒေါ်မာမာကြီး)၊ (ဦးညွှန့်လှိုင်-ဒေါ်ငြိမ်းရီ)၊ (ဦးညိုကြည်-ဒေါ်ခင်မူတင်)တို့၏ညီမ၊ ဒေါ်အေးနွဲ့(အထက-၁၊ မြောင်းမြ-ငြိမ်း)၏အစ်မ၊ ဒေါ်နှင်းအေး (စိုက်ပျိုးရေးဦးစီးဌာန-ငြိမ်း)၊ (ဦးသိန်းလှိုင်)-ဒေါ်စန်းစန်းနွယ်၊ ဦးညိန်းလှိုင်-ဒေါ်ခင်အောင်၊ (ဦးနေဝင်းလှိုင်)-ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်စိုး လှိုင်၊ ဗိုလ်မှူးတင်ဝင်း(ဒုညွှန်မှူး-ငြိမ်း၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်အိအိခင်(အလပြ-ငြိမ်း)၊ ဦးအောင်မျိုးလှိုင်-ဒေါ်ဖြူဖြူဝင်း၊ (ရဲအုပ်တင်ကြိုင်)-ဒေါ်သင်းသင်းလှိုင် (တယ်လီဖုန်းအခွန်ဌာန၊ မြောင်းမြ)၊ ဦးကျော်မင်းအေး (ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်စုစုလှိုင်၊ (မောင်ရဲဝင်းလှိုင်)၊ ဦးတင့်အောင် ကြည်-ဒေါ်အေးအေးခိုင်(ခိုင်လက်ဖက်-ပုသိမ်)၊ ဒေါ်သီတာကြည် (ဦးစီးအရာရှိ-ငြိမ်း၊ လ.ဝ.က)၊ ဒေါက်တာနီလာကြည် (ဒု/ပါချုပ်-ငြိမ်း၊ အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်)၊ ဦးကြည်ခိုင်-ဒေါ်ဝင်းဝင်းကြည်(အလပြ၊ ထ-၂၊ လမ်းမတော်)၊ ဗိုလ်ကြီးဇော်ဇော်တင်(ငြိမ်း)-ဒေါ်နေဝင်းကြည်(ဘဏ်ခွဲ-၅၊ ရန်ကုန်)၊ ဒေါ်စန္ဒာကြည် (လက်ထောက်ညွှန်မှူး၊ ဆေးသုဦးစီးဌာန)တို့၏ အဒေါ်၊ မြေး ၂၅ ယောက်၊ မြစ် ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ခတီဂျာဘီ (ခ) ဒေါ်ကေယမ်လု
**သူနာပြု (ငြိမ်း)၊ ဗန်းမော်မြို့**
## အသက် (၈၇) နှစ်

ဗန်းမော်မြို့ အရှေ့သာစည်ရပ်ကွက်နေ [ဦးဟာရှင်(ခ)ဦးစောအောင်]၏ဇနီး၊ ဒေါ်ကေထုရာ၏အစ်မ၊ (ဦးကာစင်)-ဒေါ်ချန်မလေး၊ ဦးအေးလွင်-(ဒေါ်စောမာလာ)၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ ဓမ္မာရုံ(၁)လမ်းနေ ဟာဂျီဟာဆန်(ခ) CAPT ဦးအောင်မင်း (RAFFLES Co)-ဟာဂျီမဒေါ်ခင်မြမြ၊ ဦးအောင်ဝင်း-ရဟီမာဘီ၊ ဦးညီညီအောင်-ဒေါ်လှဆိုင်(ပါရမီပုံနှိပ်လုပ်ငန်း)၊ ဦးအောင်လင်း(ခေတ္တ-မလေးရှား)တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွား၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ကေယမ်လု(ခ)ခတီဂျာဘီသည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၅၇ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်အပြီး၌ ရေဝေးကဗရ်စဿန်၌ ဒါဖနာပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်တင်တင်ရီ
## အသက် (၈၇) နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဌေး-ဒေါ်ဝင်းဝင်းမော်တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါ်တင်တင်ရီသည် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Electrical Business Group Public Co.,Ltd**
**Director အဖွဲ့ဝင်များ**

# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် တောင်သမန်တံတားကြံ့ခိုင်မှု စောင့်ကြပ်စစ်ဆေးလျက်ရှိ



တောင်သမန်အင်းအတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်မှုအခြေအနေကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။

**မန္တလေး ဇူလိုင် ၂၃**

ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုနှင့်အတူ တောင်သမန်အင်းအတွင်းသို့ မြစ်ရေများဝင်ရောက်လာမှုကြောင့် တောင်သမန်တံတားကြံ့ခိုင်မှုအခြေအနေများအား လိုအပ်သလို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် စောင့်ကြပ်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတောင်သမန်တံတားအား ခရီးသွားများ လာရောက်လေ့လာအပန်းဖြေမှု အများဆုံးဖြစ်သည့် သင်္ကြန်ကာလ၊ ကဆုန်လပြည့်နေ့နှင့်

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❖**

## မြန်မာ ယူ-၂၂ အသင်း ကာတာနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်

**ရန်ကုန် ဇူလိုင် ၂၃**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာလတွင် ကာတာနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဆက်တိုက်ကစားမည်**

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် သုံးလအချိန်ယူပြင်ဆင်မည်ဖြစ်ပြီး သုံးလအတွင်း နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်ကာ အာဆီယံဒေသတွင်း အသင်းများအပြင် အာရှအသင်းများနှင့်လည်း ခြေစမ်းမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာလမှ စတင်ကာ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**



ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနှင့် ပိုဟန်စတီးလားစ်အသင်း ခြေစမ်းပွဲကစားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ်
ဘောရစ်ဂျွန်ဆင် ရွေးချယ်ခံရ — စာမျက်နှာ » ၁၂

ဝေဟင်ပိုင်နက် ကျူးကျော်သည့် ရုရှားစစ်လေယာဉ်အား
တောင်ကိုရီးယား သတိပေးပစ်ခတ် — စာမျက်နှာ » ၁၃

H1N1 ရောဂါကြောင့် နိုင်ငံတစ်ဝန်း၌ သေဆုံးသူ ၆၇ ဦးအနက်
ရန်ကုန်တိုင်းဒေသကြီးအတွင်း ၅၂ ဦးရှိ — စာမျက်နှာ » ၁၄

## ဧရာဝတီမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့နှင့် ဟင်္သာတမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။ မိုး/ဇလ

